ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဖြို ၁၆ တွင် စတင်တည်ထောင်သည်။

e – paper ဖတ်ရှုရန်

လူအပေါင်းချစ်မြတ်နိုး

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်းပြည့်စုံ၊ တရားဥဒ္ဓတည်၍ အမှန်ကိုလည်း ပြောဆိုတတ်၊ မိမိပြုအပ်သည့် ကျင့်ဝတ်နှင့်လည်းပြည့်စုံသောသူကို လူအပေါင်းသည် ချစ်မြတ်နိုးဏ်။

ဝိယဝဂ်(ဓမ္မပဒ –၂၁၇)

၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက် ကြာသပတေးနေ့။ Thursday, 22 October 2026 ၁၂၃၉



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ခေါ်ကြူကြူလှတို့အား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အဖွဲ့ဝင်များက တိုင်းရင်းသားရိုးရာအကအလှများဖြင့် ကပြတီးမှုတ်ကြိုဆိုနှုတ်ဆက်ကြစဉ်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်၊ အမှာစကားပြောကြား

နေပြည်တော် အောက်တိုဘာ ၂၁

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁)(MICC-1) ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ★

ယနေ့ ဖတ်စရာ

အရည်အသွေးဖြင့် ကျော်ကြားကမ္ဘာ့အကောင်းဆုံး ဆန်ဆုရ မြန်မာ့ပေါ်ဆန်း

ဆောင်းပါး စာမျက်နှာ » ၉

မကွေးမြို့သမိုင်းဝင်မြသလွန်စေတီတော်မြတ်ကြီး အကြိမ်(၂၅၀)မြောက် ပုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲ ကျင်းပ

စာမျက်နှာ » ၁၂

လူမှုရေးပင်စင်အစီအစဉ်နှင့် စပ်လျဉ်းပြီး အသိပေးနှိုးဆော်ခြင်း

စာမျက်နှာ » ၁၃

မြန်မာနိုင်ငံအာမခံဈေးကွက်တွင် နိုင်ငံပိုင် မြန်မာ့အာမခံလုပ်ငန်းအပါအဝင် စုစုပေါင်း ၂၇ ခုဖြင့် လုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိ

စာမျက်နှာ » ၁၉

အခြေခံရည်ညွှန်းစပါးဈေးနှုန်း ထုတ်ပြန်ကြေညာ

အခြေခံရည်ညွှန်းစပါးဈေးနှုန်း ထုတ်ပြန်ကြေညာချက်


ကြေညာချက်အမှတ် (၁/၂၀၂၆)

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်

၁။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စပါးသီးနှံစိုက်ပျိုးထုတ်လုပ်သော တောင်သူလယ်သမားများအတွက် သင့်တင့်မျှတသော ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်စေရေး စိုက်ပျိုးထုတ်လုပ်မည့် စပါးသီးနှံအတွက် အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ★

လေဖိအားနည်း ရပ်ဝန်းတစ်ခုဖြစ်ပေါ်နေ



နေပြည်တော် အောက်တိုဘာ ၂၁

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော တမီးလ်နာဒူးကမ်းလွန်ဒေသတို့တွင် လေဖိအားနည်း ရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။

မိုး/၈လ



နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းထမ်းရွက်

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများလိုလားသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် နိုင်ခိုင်မာမလျှောက်လှမ်းလျက်ရှိသည်။ ပြည်သူများလူမှုစီးပွားဘဝလုံခြုံစိတ်ချစွာဖြင့် ရပ်တည်နေထိုင်လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကြိုးပမ်းထမ်းရွက်လျက်ရှိသည်။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးအတွက် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်လျက်ရှိပြီး တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို လိုအပ်သောဒေသများအလိုက် ခိုင်မာစွာ တည်ဆောက်ပေးလျက်ရှိသည်။

အချို့ဒေသများတွင် လူမျိုးရေး၊ လူ့အခွင့်အရေးတို့ကိုအကြောင်းပြု၍ ဒေသတည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် ဆောင်ရွက်နေကြသည့်အကြမ်းဖက်သောင်းကျန်းသူများအား တပ်မတော်နှင့်လုံခြုံရေးတပ်ဖွဲ့များက သက်စွန့်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ တစ်ဖက်တွင် NUG၊ CRPH အကြမ်းဖက်အဖွဲ့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များသည် အစိုးရ၏ အုပ်ချုပ်ရေးယန္တရားများ ရပ်တန့်စေရန်နှင့် ၎င်းတို့၏ကိုယ်ကျိုးစီးပွားအတွက် ၎င်းတို့အလိုကျ ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့ရှိ မြို့ရွာများအား ယာယီစိုးမိုးကာ အဖျက်အမှောင့်လုပ်ငန်းအမျိုးမျိုးကို လုပ်ဆောင်လျက် ဒေသခံပြည်သူများလူမှုဘဝ ထိခိုက်နစ်နာဆုံးရှုံးပျက်စီးအောင် လုပ်ဆောင်နေသည်ကို မြင်တွေ့ရမည်။

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် တော်လှန်ရေးဟုဆိုပြီး ၎င်းတို့ရပ်တည်နိုင်ရေးနှင့်ကိုယ်ကျိုးစီးပွားအတွက် မြို့၊ ရွာ၊ ဒေသအချို့ကို ယာယီစိုးမိုး၍ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်နေကြသည်။ နိုင်ငံတော်က ဒေသပွဲဖြိုးတိုးတက်ရေးအတွက် တည်ဆောက်ပေးထားသည့်အရေးကြီးသော ဆက်သွယ်ရေးလမ်းကြောင်းများကို ပိတ်ဆို့ဖျက်ဆီးခြင်းများလုပ်ဆောင်ခဲ့သည်။အများပြည်သူအသုံးပြုလျက်ရှိသည့်မြို့ရွာများ၏ဆက်သွယ်ရေးလမ်းကြောင်းပေါ်တွင်အခြေပြုပြီး ခံစစ်စခန်းများတည်ဆောက်ကာ ခရီးသွားပြည်သူများထံမှ ဆက်ကြေးကောက်ခံခြင်း၊ ပြည်သူများအား ဖမ်းဆီးနှိပ်စက်ခြင်း၊ အလိုမကျပါက အကြောင်းမဲ့သတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည်ကို မြင်တွေ့ကြားသိရမည်ဖြစ်သည်။

ထိုသို့အကြမ်းဖက်လုပ်ရပ်များ လုပ်ကိုင်လျက်ရှိသည့်အတွက် ဒေသခံပြည်သူများအနေဖြင့် ခရီးသွားလာရေး၊ ကုန်စည်ပို့ဆောင်ရေး၊ ကုန်စည်စီးဆင်းမှုများအတွက် အခက်အခဲများဖြစ်ပေါ်လာကာ စားရေရိက္ခာနှင့် အသုံးအဆောင်ပစ္စည်းများရှားပါးလာခြင်း၊ ဆေးဝါးနှင့်အရေးပေါ် လူသုံးကုန်ပစ္စည်းများမရောက်ရှိတော့ခြင်း၊ စီးပွားရေးလုပ်ငန်းများအတွက် ကုန်ကြမ်းပစ္စည်းများ ပြတ်လပ်ခြင်း၊ ကုန်ချောများ ဈေးကွက်သို့ မရောက်ရှိတော့ခြင်းတို့ကြောင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ နေ့စဉ်လူမှုစီးပွားဘဝများ ချွတ်ခြုံကျဆင်းလာသည့်အပြင် အကြမ်းဖက်သောင်းကျန်းသူများ၏ အနှိုင်ကျင့်နှိပ်စက်မှုများကို နေ့စဉ်နှင့်အမျှ ခါးသီးစွာခံစားရလျက်ရှိနေသည်။ ထို့ကြောင့် တပ်မတော်စစ်ကြောင်းများသည် ပြည်သူလူထုအတွက် အဓိကအရေးပါသည့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဆက်သွယ်ရေးလမ်းကြောင်းများ ပြန်လည်ဖွင့်လှစ်နိုင်အောင် ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားခဲ့သည့် မြို့ရွာများနှင့် ဆက်သွယ်ရေးလမ်းကြောင်းများကို တစ်ခုပြီးတစ်ခု ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်ကို တွေ့ရသည်။ မြန်မာနိုင်ငံတစ်ဝန်းရှိ ဆက်သွယ်ရေးလမ်းကြောင်းများအနက် မန္တလေး-မတ္တရာ-သပိတ်ကျင်း- တကောင်း- ထီးချိုင့်၊ ကသာ- အင်းတော်- မော်လှေး- နန့်စီးအောင်- ဝိုးညှင်း- မိုးကောင်း- မြစ်ကြီးနား ဆက်သွယ်ရေးလမ်းကြောင်းသည် မြန်မာနိုင်ငံအထက်ပိုင်းရှိ ပြည်သူများအတွက် အရေးပါသည့်ဆက်သွယ်ရေးလမ်းကြောင်းဖြစ်သည်။ အဆိုပါဆက်သွယ်ရေးလမ်းကြောင်းကို ၂၀၂၆ ခုနှစ် မေလ ၆ ရက်နေ့တွင် အပြည့်အဝ ပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ထို့ကြောင့် ဒေသတွင်း ကုန်စည်စီးဆင်းမှုနှင့် သွားလာဆက်သွယ်မှု၊ ကူးသန်းရောင်းဝယ်မှုများ လွယ်ကူလျင်မြန်ချောမွေ့အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ဆက်လက်၍လည်း အဆိုပါဆက်သွယ်ရေးလမ်းကြောင်းပတ်ဝန်းကျင်တွင် ခိုအောင်းနေသော အကြမ်းဖက်သောင်းကျန်းသူစခန်းများအား တပ်မတော်က စစ်ကြောင်းများခွဲပြီး ဟန်ချက်ညီညီချီတက်၍ နယ်မြေလုံခြုံရေးလုပ်ငန်းများကို အဆင့်ဆင့်ဆောင်ရွက်ပေးနိုင်ခဲ့သည်။ တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါလမ်းကြောင်းများပေါ်ရှိ ကျေးရွာများကို ပြန်လည်ထိန်းချုပ်ပြီး ဒေသတည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်မှုများကို ဆောင်ရွက်ပေးနိုင်ရန် တပ်မတော်သားများအနေဖြင့် အသက်ကို ပဓာနမထားဘဲ ရင်ကိုမြောက်တုတ်လုပ်ကာ သောင်းကျန်းသူများကို ရွှဲလွှဲ၍ တိုက်ခိုက်ချေမှုန်းခဲ့သည်။ တပ်မတော်စစ်ကြောင်းများအနေဖြင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လိုအပ်သော ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးစသည်တို့ကို ပြည်သူလူထုနှင့်လက်တွဲ၍ ဆောင်ရွက်လျက်ရှိပါကြောင်း။ ။

၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဇော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

အင်းစိန်မြို့နယ်လုံးဆိုင်ရာ ဝဇီရသာသနာ့ဗိမာန်တော်ကြီး ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနား ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၁

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ မင်းမဓူကုန်းတော်လောကချမ်းသာ အဘယလာဘမုခီရုပ်ပွားတော်မြတ်ကြီး(ကျောက်တော်ကြီး)၏ ဝတ္ထုကမြေအတွင်း အသစ်ဆောက်လုပ်ပြီးစီးသည့် အင်းစိန်မြို့နယ်လုံးဆိုင်ရာ ဝဇီရသာသနာ့ဗိမာန်တော်ကြီး ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားကို မြို့နယ်သံဃာ့ဩကာ ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူလျက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်သာသနာ့အကျိုးတော်ဆောင်အဖွဲ့က အောက်တိုဘာ ၂၄ ရက် မင်္ဂလာအချိန် နံနက် ၉ နာရီခွဲတွင် အဆိုပါဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်ကြောင်း မြို့နယ်သာသနာ့ အကျိုးတော်ဆောင်အဖွဲ့မှ သိရသည်။ **မြင့်ဦး**

(၂၁-၁၀-၂၀၂၆)ရက်နေ့ရှိ နိုင်ငြခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၆၃.၃ ~ ၃၆၇၀	၅၅၈.၁ ~ ၅၅၈.၇	၁၂၅.၅ ~ ၁၂၅.၇	၄၃.၆၀
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၁၀,၇၈၂,၃၃၄.၈၂	၅၃,၈၄၇,၈၁၄.၀၀	၁၁,၈၅၀,၆၅၉.၅၄	-

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၂၁ - ၁၀ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၂၁ - ၁၀ - ၂၀၂၆

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အဝိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၁၉,၀၀၀	၁၉,၀၀၀	၆၅	၁,၂၃၅,၀၀၀
MTSH	၈,၅၀၀	၈,၅၀၀	၈၀၄	၆,၈၃၄,၀၀၀
MCB	၁၃,၀၀၀	၁၃,၀၀၀	၂	၂၆,၀၀၀
FPB	၆,၉၀၀	၆,၈၀၀	၃၉၁	၂,၆၆၄,၄၀၀
TMH	၃,၃၀၀	၃,၃၀၀	၂	၆,၆၀၀
EFR	၁,၆၅၀	၁,၇၀၀	၂,၀၈၃	၃,၄၃၇,၀၀၀
AMATA	၄,၂၀၀	၄,၃၀၀	၄	၁၇,၀၀၀
MAEX	၆,၃၀၀	၆,၄၀၀	၁,၇၄၅	၁၁,၁၁၂,၉၀၀
MADPL(PLB)	၆,၂၀၀	၆,၃၀၀	၁,၄၀၀	၈,၇၈၀,၀၀၀
ASPGB(PLB)	၅,၅၀၀	၅,၆၀၀	၈,၇၈၀	၄၈,၂၂၇,၀၀၀

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ်	- ဝင်းနိုင်	အကြီးတန်း	- ခင်မိုမိုအောင်၊
စာတည်းမှူး	- အေဝမ်းစိုး	သတင်းထောက်များ	ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
စာတည်းများ	- စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦ၊ နိုင်လင်းကြည်	အငယ်တန်း သတင်းထောက်များ	- အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
		သုတေသန	- ဇင်မာဝင့်
		စာပြင်	- ခင်နှင်းယုနှင့်အဖွဲ့
ဘာသာပြန်	- အောင်ကျော်ကျော်၊ စိုးသူရ	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- နီလာစိုးနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်နှံ့ခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ဒွေစာရင်း ၀၁-၂၉၁၄၇၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

★ ရှေ့ဖုံးမှ

အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယသမ္မတ ဦးညီစောနှင့်ဇနီး ဒေါ်စမ်းစမ်းအေး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့်ဇနီး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးများ၊ အကဲဖြတ် ပညာရှင်ကြီးများ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ အထောက်အကူပြုများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် တိုင်းရင်းသားညီအစ်ကို မောင်နှမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယသမ္မတ ဦးညီစော၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်မောင်စိုး တို့က (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အဖွဲ့ဝင်များအား ကျောင်းသူလေးများက ပဏ္ဏာခေတ်၊ ပုဂံခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်၊ ရတနာပုံခေတ်၊ မျက်မှောက်ခေတ် တို့ကို ဖော်ညွှန်းပြသသည့် ဝတ်စားဆင်ယင်မှု အကအလှများ ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင် အဖွဲ့ဝင်များက ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသားရိုးရာ အက အလှများဖြင့်လည်းကောင်း ကပြတီးမှုတ်ကြဆို နှုတ်ဆက်ကြသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းကို စတင်ကျင်းပရာ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရုင်ဝန်ထမ်းများက (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဂုဏ်ပြုတေးသီချင်းဖြစ်သည့် “အလှဝေဖြာ မြန်မာ့ရိုးရာ” သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်သိက္ခာနှင့် အမျိုးသားရေးလက္ခဏာကို ဖော်ပြရာတွင် အဆိုပါနိုင်ငံ၏ သမိုင်းကြောင်း၊ စာပေ၊ ဘာသာစကား၊ ရိုးရာဓလေ့ထုံးတမ်းများနှင့် အနုပညာယဉ်ကျေးမှုတို့သည် အရေးပါသည့် အခန်းကဏ္ဍမှပါဝင်ကြောင်း၊ အနုပညာသည် လူသားများ၏ စိတ်ခံစားမှု၊ အတွေးအမြင်၊ လူမှုဘဝနှင့် တန်ဖိုးထားမှုများကို ဖော်ပြပေးနိုင်သကဲ့သို့ မျိုးဆက်မြန်မာ့ အဆို၊ အက၊ အရေး၊ အတီး အနုပညာများ၏ သမိုင်းကြောင်းကို လေ့လာကြည့်မည်ဆိုပါက ရှေးခေတ်လူမှုဘဝနှင့် ရိုးရာဓလေ့ ထုံးတမ်းများသည် ပျူခေတ်၊ ပုဂံခေတ်ကစပြီး ကုန်းဘောင်ခေတ် တိုင်အောင် ခေတ်အဆက်ဆက်တွင် ဖွံ့ဖြိုးတိုးတက်လာခဲ့သည့် အနုပညာအစဉ်အလာများကို တွေ့ရှိနိုင်မည်ဖြစ်ကြောင်း၊ အနုပညာအမွေအနှစ်များသည် အတိတ်ကာလကို ပြန်လည်တူးဖော်ပေးသည့်အရာများ ဖြစ်ရုံသာမက ယနေ့မျိုးဆက်သစ်များအတွက် သင်ယူစရာ၊ လေ့လာစရာနှင့် အနာဂတ်မျိုးဆက်များအတွက် လက်ဆင့်ကမ်းပေးရမည့် တန်ဖိုးရှိသည့် အမွေအနှစ်များလည်း ဖြစ်ကြောင်း၊ ထိုသို့ အနုပညာအမွေအနှစ်များသည် အတိတ်ကာလကို ပြန်လည်တူးဖော်ပေးသည့်အရာများ ဖြစ်ရုံသာမက ယနေ့မျိုးဆက်သစ်များအတွက် သင်ယူစရာ၊ လေ့လာစရာနှင့် အနာဂတ်မျိုးဆက်များအတွက် လက်ဆင့်ကမ်းပေးရမည့် တန်ဖိုးရှိသည့် အမွေအနှစ်များလည်း ဖြစ်ကြောင်း၊ **“မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေးဇာတိမာန် ထက်မြက်ခုနစ်အထိ ငါးနှစ်တာကာလ အတွင်း ပြိုင်ပွဲများ ရပ်နားခဲ့ရကြောင်း၊ ၂၀၂၂ ခုနှစ်ရောက်မှ (၂၃) ကြိမ်မြောက် ပြိုင်ပွဲကို ပြန်လည် ကျင်းပနိုင်ခဲ့ပြီး ယခုအခါပြိုင်ပွဲများကို ဆက်လက်ကျင်းပလာခဲ့သည်မှာ ၂၀၂၆ ခုနှစ်တွင် (၂၇)ကြိမ်မြောက်အထိ ရောက်ရှိလာပြီဖြစ်ကြောင်း။**



ဒုတိယသမ္မတ ဦးညီစော၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးတို့က (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

နိုင်ငံတော်သမ္မတနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို ဓိမိတို့ နိုင်ငံသူ နိုင်ငံသားများအားလုံး၏ ရင်ထဲတွင် **“မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေးဇာတိမာန် ထက်မြက်ပေါ်ထွန်းလာရေးနှင့် မျိုးဆက်သစ်လူငယ်များက မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားထိန်းသိမ်းလာစေရေးတို့အတွက် အရေးပါသည့် အစဉ်အလာတစ်ရပ်ဖြစ်သည်ကို အလေးအနက် ပြောကြားလိုကြောင်း။**

အဆို၊ အက၊ အရေး၊ အတီး အနုပညာ ကဏ္ဍလေးရပ်သည် သီးခြားစီ အရေးပါသကဲ့သို့ အချင်းချင်းလည်း အပြန်အလှန် အထောက်အကူပြု ချိတ်ဆက်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ အဆိုပါကဏ္ဍများကို စနစ်တကျ ထိန်းသိမ်းဖြင့်တင်ခြင်းဖြင့် မြန်မာ့ ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားထိန်းသိမ်းလာစေရေးတို့အတွက် အရေးပါသည့် အစဉ်အလာတစ်ရပ်ဖြစ်သည်ကို အလေးအနက် ပြောကြားလိုကြောင်း။

အဆို၊ အက၊ အရေး၊ အတီး အနုပညာ ကဏ္ဍလေးရပ်သည် သီးခြားစီ အရေးပါသကဲ့သို့ အချင်းချင်းလည်း အပြန်အလှန် အထောက်အကူပြု ချိတ်ဆက်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ အဆိုပါကဏ္ဍများကို စနစ်တကျ ထိန်းသိမ်းဖြင့်တင်ခြင်းဖြင့် မြန်မာ့ ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားထိန်းသိမ်းလာစေရေးတို့အတွက် အရေးပါသည့် အစဉ်အလာတစ်ရပ်ဖြစ်သည်ကို အလေးအနက် ပြောကြားလိုကြောင်း။

အဆို၊ အက၊ အရေး၊ အတီး အနုပညာ ကဏ္ဍလေးရပ်သည် သီးခြားစီ အရေးပါသကဲ့သို့ အချင်းချင်းလည်း အပြန်အလှန် အထောက်အကူပြု ချိတ်ဆက်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ အဆိုပါကဏ္ဍများကို စနစ်တကျ ထိန်းသိမ်းဖြင့်တင်ခြင်းဖြင့် မြန်မာ့ ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားထိန်းသိမ်းလာစေရေးတို့အတွက် အရေးပါသည့် အစဉ်အလာတစ်ရပ်ဖြစ်သည်ကို အလေးအနက် ပြောကြားလိုကြောင်း။

အဆို၊ အက၊ အရေး၊ အတီး အနုပညာ ကဏ္ဍလေးရပ်သည် သီးခြားစီ အရေးပါသကဲ့သို့ အချင်းချင်းလည်း အပြန်အလှန် အထောက်အကူပြု ချိတ်ဆက်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ အဆိုပါကဏ္ဍများကို စနစ်တကျ ထိန်းသိမ်းဖြင့်တင်ခြင်းဖြင့် မြန်မာ့ ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားထိန်းသိမ်းလာစေရေးတို့အတွက် အရေးပါသည့် အစဉ်အလာတစ်ရပ်ဖြစ်သည်ကို အလေးအနက် ပြောကြားလိုကြောင်း။

နိုင်ငံတော်အဆင့် အဆို၊ အက၊ အရေး၊ အတီး အနုပညာပြိုင်ပွဲများ ကျင်းပပေးရခြင်း၏ အဓိက ရည်ရွယ်ချက်သည် အနုပညာရှင်များအကြား အနိုင်အရှုံးဆုံးဖြတ်ပေးရန်မဟုတ်ကြောင်း၊ အနုပညာဘာသာရပ်များကို စနစ်တကျ လေ့လာသင်ယူနိုင်သည့် အခွင့်အလမ်းများ ဖန်တီးပေးရန်၊ အရည်အချင်းရှိသူများကို ဖော်ထုတ်ဖြင့်တင်ရန်၊ အနုပညာအတွေ့အကြုံများ ဖလှယ်နိုင်ရန်နှင့် အနုပညာအဆင့်အတန်း ပိုမိုမြင့်မားလာစေရန်ပင်ဖြစ်ကြောင်း။

စာမျက်နှာ ၄ သို့ ★

⁘ မြန်မာ့ အဆို၊ အက၊ အရေး၊ အတီး အနုပညာများ၏ သမိုင်းကြောင်းကို လေ့လာကြည့်မည်ဆိုပါက ရှေးခေတ်လူမှုဘဝနှင့် ရိုးရာဓလေ့ထုံးတမ်းများသည် ပျူခေတ်၊ ပုဂံခေတ်ကစပြီး ကုန်းဘောင်ခေတ်တိုင်အောင် ခေတ်အဆက်ဆက်တွင် ဖွံ့ဖြိုးတိုးတက်လာခဲ့သည့် အနုပညာအစဉ်အလာများကို တွေ့ရှိနိုင်မည်ဖြစ်

⁘ အနုပညာအမွေအနှစ်များသည် အတိတ်ကာလကို ပြန်လည်တူးဖော်ပေးသည့်အရာများ ဖြစ်ရုံသာမက ယနေ့မျိုးဆက်သစ်များအတွက် သင်ယူစရာ၊ လေ့လာစရာနှင့် အနာဂတ်မျိုးဆက်များအတွက် လက်ဆင့်ကမ်းပေးရမည့် တန်ဖိုးရှိသည့် အမွေအနှစ်များလည်းဖြစ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

★ စာမျက်နှာ ၃ မှ

ပြိုင်ပွဲမှတစ်ဆင့် ပေါ်ထွက်လာမည့် အရည်အချင်းရှိသူများကို ဆက်လက်လေ့ကျင့်သင်ကြားပေးခြင်း၊ သင့်လျော်သည့် အခွင့်အလမ်းများ ဖန်တီးပေးခြင်းနှင့် အနုပညာရှင်ကြီးများ၏ အတွေ့အကြုံများကို လက်ဆင့်ကမ်းပေးခြင်းသည့် အနုပညာလက်ရာများကို လည်း ဖန်တီးတင်ဆက်နိုင်မည် ဖြစ်ကြောင်း။

ယနေ့ခေတ်တွင် နည်းပညာဖွံ့ဖြိုးတိုးတက် လာသောကြောင့် အနုပညာဖန်တီးမှု၊ မှတ်တမ်းတင်မှုနှင့် ဖြန့်ဝေမှုတို့အတွက် အခွင့်အလမ်းများ ပိုမိုကျယ်ပြန့်ကမ်းပေးကြရန် အလေးအနက် တိုက်တွန်း မှာကြားလိုကြောင်း။

ယနေ့ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြသည့် အနုပညာရှင်တစ်ဦး ချင်းစီအနေဖြင့် မိမိတို့၏ အရည်အချင်းကို အကောင်းဆုံးဖော်ထုတ် တင်ဆက်ကြရန်၊ ကြိုးစား အားထုတ်မှုရှိကြရန်နှင့် စဉ်ဆက် မပြတ် လေ့လာသင်ယူကြရန် တိုက်တွန်းလိုကြောင်း၊ ပြိုင်ပွဲဝင် အချင်းချင်း အပြန်အလှန် လေးစားကြရန်၊ အနိုင်အရှုံးကို ဂုဏ်သိက္ခာရှိစွာ လက်ခံကြရန်နှင့် အချင်းချင်း၏ အားသာချက်များကို လေ့လာသင်ယူကြရန်လည်း တိုက်တွန်းလိုကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် ပြိုင်ပွဲသည် အနုပညာစွမ်းရည်ကို စမ်းသပ် သည့်နေရာတစ်ခုသာမက ပညာ ရပ်ဆိုင်ရာ တိုးတက်မှုနှင့် အနုပညာ အသိုက်အဝန်း၏ စည်းလုံးညီညွတ်မှုကို မြှင့်တင် ပေးသည့် နေရာတစ်ခုလည်း ဖြစ်လာမည်ဖြစ်ကြောင်း။

အဂဲဖြတ်ဒိုင် အဖွဲ့ဝင်များ အနေဖြင့်လည်း သတ်မှတ်ထား သည့် စည်းမျဉ်းစည်းကမ်းများနှင့် အကဲဖြတ်စံနှုန်းများအတိုင်း မျှတ ပွင့်လင်းစွာ အကဲဖြတ်ပေးကြရန်၊ ပြိုင်ပွဲဝင်များ၏ အရည်အချင်းနှင့် ဖန်တီးမှုများကို ပညာရပ်ဆိုင်ရာ ရှုထောင့်မှ သုံးသပ်ပေးကြရန်နှင့် လိုအပ်သည့် အကြံပြုလမ်းညွှန်မှု များပေးကြရန်လည်း မှာကြား လိုကြောင်း။

မြန်မာ့ရိုးရာ အနုပညာသည် မိမိတို့၏အမျိုးသားယဉ်ကျေးမှုကို ဖော်ပြပေးနေသည့် တန်ဖိုးရှိသည့် အမွေအနှစ်တစ်ရပ် ဖြစ်ကြောင်း၊ ယင်းအမွေအနှစ်များကို ထိန်းသိမ်း စောင့်ရှောက်ခြင်းသည် ယနေ့ မျိုးဆက်၏ တာဝန်ဖြစ်သကဲ့သို့ အနာဂတ် မျိုးဆက်များထံသို့ အရည်အသွေးပြည့်ဝစွာ လက်ဆင့် ကမ်းပေးခြင်းသည်လည်း မိမိတို့ အားလုံး၏ ပူးပေါင်းဆောင်ရွက် မှုဖြင့် အကောင်အထည်ဖော်ရမည့် လုပ်ငန်းတာဝန် တစ်ရပ်ဖြစ် ကြောင်း။

ထို့ကြောင့် အနုပညာရှင်များ၊ ပါသနာရှင်များ၊ လူငယ်များနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ အားလုံးအနေဖြင့် မြန်မာ့ရိုးရာ အနုပညာကိုတန်ဖိုးထားထိန်းသိမ်း ကြရန်၊ အနုပညာဘာသာရပ်များ ကို စဉ်ဆက်မပြတ် လေ့လာ သင်ယူကြရန်၊ မျိုးဆက်သစ် အနုပညာရှင်များ ပေါ်ထွန်းလာရေး ပူးပေါင်း ဆောင်ရွက်ကြရန်နှင့် မြန်မာ့အနုပညာ၏ အရည်အသွေး ကို အစဉ်တစိုက် မြှင့်တင်သွား ကြရန် ထပ်လောင်းတိုက်တွန်း မှာကြားလိုကြောင်း။

ယနေ့ကျင်းပသည့် (၂၇)ကြိမ် မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှတစ်ဆင့် ထူးချွန် ထက်မြက်သည့် အနုပညာရှင်များ ပေါ်ထွန်းလာပြီး မြန်မာ့ရိုးရာ အနုပညာ အမွေအနှစ်များကို ပိုမိုထိန်းသိမ်း မြှင့်တင်နိုင်မည်ဟု ယုံကြည် မျှော်လင့်ပါကြောင်း၊ ပြိုင်ပွဲဝင်အားလုံး အနေဖြင့်လည်း မိမိတို့၏ အနုပညာစွမ်းရည်များ ကို အကောင်းဆုံး ဖော်ထုတ် တင်ဆက်နိုင်ကြပြီး အောင်မြင်မှု များ ရရှိကြစေရန် ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း၊ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ကြပြီး မြန်မာ့ရိုးရာအနုပညာနှင့် အမျိုးသားယဉ်ကျေးမှု ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းများတွင် အောင်မြင်မှုများ ရရှိကြပါစေရန် ဆုမွန်ကောင်း တောင်းပါကြောင်း ပြောကြားသည်။

ထို့နောက် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွား လာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးက ပြိုင်ပွဲကျင်းပရန် စီစဉ် ဆောင်ရွက်ထားရှိမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အခမ်းအနား အပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အဖွဲ့ဝင်များသည် အကဲဖြတ် ပညာရှင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အမျိုးဂုဏ်၊ ဓာတ် ဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသား တို့၏ ရိုးရာယဉ်ကျေးမှုအမွေ အနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး၊ အမျိုးသားရေး စရိုက်လက္ခဏာ များ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ် လူငယ်များအကြား တွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကား ပြန့်ပွားစေရေး၊ မြန်မာ့ယဉ်ကျေးမှု အနုပညာရပ် များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက် စေရန် ဖော်ထုတ်ထိန်းသိမ်း မြှင့်တင်ရေး၊ နိုင်ငံတော် တည်ဆောက်ရေး ကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာ စွမ်းအား ဖြင့် တစ်တပ်တစ်အား ပူးပေါင်း ပါဝင်ဆောင်ရွက်ရေး စသည့် ဦးတည်ချက်များဖြင့် ကျင်းပခြင်း ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် စုစုပေါင်း ၂၄၀၀ ကျော်ဖြင့် အောက်တိုဘာ ၂၉ ရက်အထိ ကျင်းပပြုလုပ်သွား မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှ အဂဲဖြတ်ပညာရှင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

❖ **မျိုးဆက်သစ်များသည် ရိုးရာအနုပညာကို သမိုင်းနောက်ခံ၊ အဓိပ္ပာယ်နှင့်အနှစ်သာရ များ နားလည်သဘောပေါက်ရန်လိုအပ်**

❖ **နားလည်သဘောပေါက်မှသာ မိမိတို့၏ ဖန်တီးမှုများတွင် ရိုးရာတန်ဖိုးများကို ထိန်းသိမ်းနိုင်မည်ဖြစ်ပြီး ခေတ်နှင့်လျော်ညီသည့် အနုပညာလက်ရာများကိုလည်း ဖန်တီးတင်ဆက်နိုင်မည်**

တို့ကိုလည်း ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်မည် ဖြစ်ကြောင်း။

အထူးသဖြင့် မျိုးဆက်သစ်များသည် ရိုးရာအနုပညာကို သမိုင်းနောက်ခံ၊ အဓိပ္ပာယ်နှင့်အနှစ်သာရများ နားလည်သဘောပေါက်ရန်လိုအပ်ကြောင်း၊ ထိုသို့ နားလည် သဘောပေါက်မှသာ မိမိတို့၏ ဖန်တီးမှုများတွင် ရိုးရာတန်ဖိုးများကို ထိန်းသိမ်းနိုင်မည်ဖြစ်ပြီး ခေတ်နှင့်လျော်ညီသည့် အနုပညာလက်ရာများကိုလည်း ဖန်တီးတင်ဆက်နိုင်မည် ဖြစ်ကြောင်း။

ယင်းအခွင့်အလမ်းများကို မှန်ကန်စွာ အသုံးချနိုင်မည်ဆိုပါက မြန်မာ့အနုပညာကို လူငယ်များ ပိုမိုစိတ်ဝင်စားလာစေရန်နှင့် နိုင်ငံတကာ ပရိသတ်များအထိ မိတ်ဆက်ဖော်ပြနိုင်ရန် အထောက်အကူ ပြုနိုင်မည်ဖြစ်ကြောင်း၊ ပညာရပ်ဆိုင်ရာ အရည်အသွေးကို အစဉ်တစိုက် မြှင့်တင်ကြရန်နှင့် မြန်မာ့အနုပညာ၏ ထူးခြားသည့် အလှတရားများကို မျိုးဆက်သစ်များထံသို့ လက်ဆင့်

*** အခြေခံမှ**

၂။ အစိုခတ် (၁၄)% ရှိ၍ အဖျင်း၊ အမှော်၊ ဖုန်၊ သဲ၊ ခဲ ကင်းစင်ပြီး အရည်အသွေးဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် တစ်တင်း (၄၆) ပေါင်ကိုက် စပါးတင်း(၁၀၀)၏ အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို (၁,၃၅၀,၀၀၀) ကျပ် သတ်မှတ်လိုက်သည်။

၃။ ဈေးကွက်ပေါက်ဈေးသည် အခြေခံရည်ညွှန်းစပါးဈေးနှုန်းအပေါ်တွင်ဖြစ်ပါက ဈေးကွက်ပေါက်ဈေး အတိုင်း ဝယ်ယူရန်နှင့် ဈေးကွက်ပေါက်ဈေးသည် အခြေခံရည်ညွှန်း စပါးဈေးနှုန်းအောက်တွင်ဖြစ်ပါက အခြေခံဈေးနှုန်းအတိုင်း ဝယ်ယူရမည်ဖြစ်ပါသည်။ ယခုသတ်မှတ်သော အခြေခံရည်ညွှန်းစပါးဈေးနှုန်း သည် ၂၀၂၆ ခုနှစ် မိုးစပါးနှင့် ၂၀၂၇ ခုနှစ် နွေစပါးတို့အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

၄။ အခြေခံရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချရန်အခက်အခဲရှိသော တောင်သူလယ်သမားများအနေဖြင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ မြို့နယ်ကိုယ်စားလှယ်များသို့ဖြစ်စေ၊ အသင်းချုပ် ရုံးချုပ် (ဖုန်း၊ ၀၁-၂၃၀၁၁၅၈၊ ၀၁-၂၃၀၁၁၂၉၊ ၀၁-၂၁၈၅၆၃)သို့ ဖြစ်စေ ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး၊ ဦးဆောင်အဖွဲ့**

ပြည်ထောင်စုလွှတ်တော် နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ဘယ်လာရုစ်သမ္မတနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ မစ္စစ် နာတာလျာ ကိုချန်နိုဗာနှင့် တွေ့ဆုံဆွေးနွေး

မင့်စ် အောက်တိုဘာ ၂၁

ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့တွင် တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မင့်စ်မြို့ရှိ အောင်ပွဲခံရင်ပြင်(Victory Square)သို့ ရောက်ရှိကြရာ မင့်စ်မြို့အလုပ်အမှုဆောင်ကော်မတီဒုတိယဥက္ကဋ္ဌ Mr.Oleg Korzun နှင့်တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဦးစွာ ပြည်ထောင်စုလွှတ်တော်နာယကက အောင်ပွဲခံအထိမ်းအမှတ်ကျောက်တိုင် (The Victory Monument) ၌ လွမ်းသူပန်းခွေချ အလေးပြုပြီး တာဝန်ရှိသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါ မင့်စ်မြို့ရှိ အောင်ပွဲခံအထိမ်းအမှတ်ကျောက်တိုင် (The Victory Monument) သည် ဒုတိယကမ္ဘာစစ်အတွင်း နာဇီကျူးကျော်သူများကို တွန်းလှန်တိုက်ခိုက်ရင်းကျဆုံးခဲ့ရသည့် ဆိုဗီယက်တပ်မတော်သားများနှင့် ဘယ်လာရုစ်ပြောက်ကျားရဲဘော်များကို ရည်စူးပြီး ၁၉၅၄ ခုနှစ်တွင် တည်ဆောက်ခဲ့သော နိုင်ငံ၏ သမိုင်းဝင်အထင်ကရနေရာတစ်ခုဖြစ်ကြောင်း၊ အဖြင့် ၃၈ မီတာရှိသည့် ၎င်းကျောက်တိုင်ခြေရင်းတွင် ကျဆုံးသူများကို အောက်မေ့သတိရသောအားဖြင့် "ထာဝရငြိမ်းချမ်းရေးမီးတောက်"ကို အမြဲမပြတ်ထွန်းညှိထားရှိကြောင်း၊ နိုင်ငံတကာသံတမန်များနှင့် နိုင်ငံခြေးဆောင်များ လာရောက်ဂုဏ်ပြုအလေးပြုရာနေရာတစ်ခုဖြစ်ကြောင်း သိရသည်။



ဆက်လက်၍ပြည်ထောင်စုလွှတ်တော်နာယက နှင့်အဖွဲ့သည် ဘယ်လာရုစ်သမ္မတနိုင်ငံ အထက်လွှတ်တော်သို့ ရောက်ရှိကြရာ ဘယ်လာရုစ်သမ္မတနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ မစ္စစ် နာတာလျာကိုချန်နိုဗာနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကသည် အထက်လွှတ်တော်တတိယထပ်ရှိ မီးလင်းဖို ခန်းမဆောင်၌ အထက်လွှတ်တော်ဥက္ကဋ္ဌ မစ္စစ် နာတာလျာ ကိုချန်နိုဗာနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးကို ၁၉၉၉ ခုနှစ်တွင် စတင်ခဲ့ပြီး ပြီးခဲ့သည့် စက်တင်ဘာ ၂၂ ရက်တွင် သံတမန်ဆက်ဆံရေး ၂၇ နှစ်ပြည့်မြောက်ခဲ့ကာ ယင်းကာလအတွင်း နှစ်နိုင်ငံအပြန်အလှန် ယုံကြည်မှုနှင့် နားလည်မှုများကို အခိုင်အမာတည်ဆောက်ထားနိုင်ခဲ့မှု၊ နှစ်နိုင်ငံခေါင်းဆောင်များ၏ အမြော်အမြင်ရှိမှု၊ ချစ်ကြည်ရင်းနှီးမှုများနှင့် အပြန်အလှန်ခရီးစဉ်များက နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုနက်ရှိုင်းစေပြီး ကောင်းကျိုးစီးပွားကို တိုးပွားအောင် ဆောင်ရွက်နိုင်ခဲ့မှု၊ ဘက်စုံကဏ္ဍစုံမဟာဗျူဟာမြောက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ နှစ်နိုင်ငံဆက်ဆံမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာလမ်းပြမြေပုံ (၂၀၂၆ - ၂၀၂၈ခုနှစ်) ကို ချမှတ်နိုင်ခဲ့ပြီး လွှတ်တော်များ၏အခန်းကဏ္ဍ၊ လွှတ်တော်ကဏ္ဍ ချစ်ကြည်ရင်းနှီးရေးတွင် နှစ်နိုင်ငံ ဘက်စုံမဟာမိတ် ပူးပေါင်းဆောင်ရွက်မှုကို လွှတ်တော်ပိုင်းမှ ပံ့ပိုးကူညီပေးရေး၊ လွှတ်တော်ချင်း ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရေး၊ လွှတ်တော်ဆိုင်ရာအလေ့အကျင့်ကောင်းများနှင့် အတွေ့ အကြုံများ မျှဝေရေး၊ လွှတ်တော်ကိုယ်စားလှယ်အဖွဲ့များ၏ အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များ စီစဉ်ဆောင်ရွက်ရေး၊ နိုင်ငံတကာလွှတ်တော်ဆိုင်ရာ အသိုက်အဝန်းတွင် နှစ်နိုင်ငံအကျိုးအတွက် ပိုမိုနီးကပ်စွာ ဆောင်ရွက်သွားရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် အထက်လွှတ်တော်ဒုတိယထပ်ရှိ သဘာပတိအဖွဲ့ အစည်းအဝေးခန်းမ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားလွှတ်တော်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ အထက်လွှတ်တော် လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု စာချုပ်လွှာကို ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးနှင့် အထက်လွှတ်တော်ဥက္ကဋ္ဌ မစ္စစ် နာတာလျာ ကိုချန်နိုဗာတို့က လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကသည် ဘယ်လာရုစ်သမ္မတနိုင်ငံ အထက်လွှတ်တော်အစည်းအဝေးခန်းမကြီးနှင့် ပြတိုက်ပြပွဲတို့ကို ကြည့်ရှုလေ့လာပြီး ဂုဏ်ထူးဆောင်ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မင့်စ်ထွန်စက် စက်ရုံနှင့် မော်တော်ကားစက်ရုံကို လည်းကောင်း၊ First National Trade House ဈေးဝယ်စင်တာကိုလည်းကောင်း သွားရောက်ကြည့်ရှုလေ့လာကြသည်။

သတင်းစဉ်

တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၆၄ / ၂၀၂၆)
၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်
(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်)

တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲခြင်း

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှ စတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၈ - ၂ - ၂၀၂၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၃၃/ ၂၀၂၆) တွင် ဖော်ပြထားသည့် ကြည်း ၂၃၇၅၀ ဗိုလ်မှူးချုပ် အောင်အောင် နေရာတွင် ကြည်း ၂၇၉၅၅ ဗိုလ်မှူးချုပ် အောင်ကျော်ဆန်း ကို အစားထိုးပြောင်းလဲလိုက်သည်။

(ပုံ)သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်



ယင်းမာပင်မြို့နယ်၌မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ကန်ချောင်းကျေးရွာတွင် ရောင်းချလျက်ရှိသည့် စက်သုံးဆီအရောင်းဆိုင်များအား အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးပြီး အပေါ့စား မီးသတ်စက်နှင့် မီးသတ်ဆေးဘူးများ ကိုင်တွယ်အသုံးပြုတတ်စေရန် လက်တွေ့အသုံးပြုနည်းများကို အသိပညာပေးရှင်းလင်းဆွေးနွေးစဉ်။ ခရိုင်(ပြန်/ဆက်)

တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၆၅ / ၂၀၂၆)
၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်
(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်)

တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦး အစားထိုးပြောင်းလဲခြင်း

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၁ - ၂ - ၂၀၂၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၃၅ / ၂၀၂၆) တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

(က)	**ကယားပြည်နယ်လွှတ်တော်**		
	ကြည်း ၂၆၈၆၃ ဗိုလ်မှူးကြီး သန်းစိုးအောင်	အစား	ကြည်း ၃၃၄၃၇ ဗိုလ်မှူးကြီး နောင်လတ်
(ခ)	**စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်**		
	ကြည်း ၂၄၉၉၃ ဗိုလ်မှူးကြီး ဝင်းတင်မိုး	အစား	ကြည်း ၃၁၅၇၄ ဗိုလ်မှူးကြီး မင်းသိန်း
(ဂ)	**မကွေးတိုင်းဒေသကြီးလွှတ်တော်**		
	ကြည်း ၂၂၄၀၅ ဗိုလ်မှူးကြီး မိုးမင်းသိန်း	အစား	ကြည်း ၃၁၈၂၃ ဗိုလ်မှူးကြီး နိုင်ဇင်ထွန်း
(ဃ)	**မွန်ပြည်နယ်လွှတ်တော်**		
	ကြည်း ၂၆၈၂၉ ဗိုလ်မှူးကြီး ကျော်စွာမြင့်	အစား	ကြည်း ၃၀၂၇၈ ဗိုလ်မှူးကြီး ရဲထွဋ်
(င)	**ရခိုင်ပြည်နယ်လွှတ်တော်**		
	ကြည်း ၂၅၇၇၅ ဗိုလ်မှူးကြီး ကျော်သူရ	အစား	ကြည်း ၃၁၆၈၂ ဗိုလ်မှူးကြီး ဇော်လင်းထွန်း
(စ)	**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**		
	ကြည်း ၂၁၈၉၇ ဗိုလ်မှူးကြီး ဝင်းတင့်	အစား	ကြည်း ၃၂၇၆၃ ဗိုလ်မှူးကြီး ကျော်ကျော်ဦး
(ဆ)	**ရှမ်းပြည်နယ်လွှတ်တော်**		
	ကြည်း ၂၄၉၇၀ ဗိုလ်မှူးကြီး စိန်ဝင်း	အစား	ကြည်း ၃၅၃၃၇ ဗိုလ်မှူးကြီး ကျော်မျိုးမင်းလတ်

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၁

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးပြုပြင်ပေးနိုင်ရေး၊ ဘောလုံးကွင်းများတည်ဆောက်ပေးနိုင်ရေး၊ ပျက်စီးဆုံးရှုံးခဲ့သည့် မြို့ရွာများနှင့် ယာယီနေရပ်စွန့်ခွာသူများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး၊ တရားမဝင်ဂိတ်ကြေး ကောက်ခံနေမှုများ ပပျောက်အောင်ဆောင်ရွက်ပေးနိုင်ရေးနှင့် တရားဝင်ကျေးရွာများအဖြစ် သတ်မှတ်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ **မေးခွန်း ၇ ခု** မေးမြန်းဖြေကြားခြင်းနှင့် **အဆို ၁ ခု** တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ဝေါဓမဆန္ဒနယ်မှ ဦးအောင်နိုင်၏ **ဝေါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရှိ နှစ်ထပ်အဆောက်အအုံကို ပြန်လည်ပြုပြင်ပေးရန် အစီအစဉ်ရှိမရှိမေးခွန်းနှင့်စပ်လျဉ်း၍** ပြည်ဆောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ကော်မရှင်အဖွဲ့ခွဲရုံးများအတွက် ရုံးပိုင်အဆောက်အအုံများ ဆောက်လုပ်ခွင့်ရရှိရေးနှင့်ပြင်ဆင်ထိန်းသိမ်းခွင့်ရရှိရေးအတွက် ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေတင်ပြတောင်းခံပြီး ဆောင်ရွက်ပေးလျက်ရှိရာ ဝေါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးဖွင့်လှစ်ရန် ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် ချမ်းမြသာစည်ရပ်ကွက် ကွင်းအမှတ် (၇၀၄-N) မြေကွက်အမှတ် ၁/A ကက-၂၈ ဧရိယာ သုည ဒသမ ၃၀၉ ဇကရှိ မြေပေါ်တွင် အလျား ၁၀၂ ပေ၊ အနံ ၂၆ ဒသမ ၅ ပေနှင့် အမြင့် ပေ ၂၀ ရှိသော သစ်သား-အုတ်ဥပ်၊ အုတ်ကြွပ်မိုး နှစ်ထပ်အဆောက်အအုံဟောင်းတစ်လုံးကို ၂၀၂၃ ခုနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လွှဲပြောင်းရရှိခဲ့ပါကြောင်း၊ ဝေါမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ဖွင့်လှစ်နိုင်ရေး အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လွှဲပြောင်းရရှိသည့် အဆောက်အအုံဟောင်းကို ပြင်ဆင်ထိန်းသိမ်းရန် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် အဆောက်အအုံပြင်ဆင်ထိန်းသိမ်းစရိတ်ရန်ပုံငွေ ၆၇ သိန်း ၆ သောင်း ခွဲဝေပေးခဲ့ပြီး ပြင်ဆင်ခွင့်ပြုခဲ့ပါကြောင်း၊ အဆိုပါ အဆောက်အအုံထပ်မံပြင်ဆင်နိုင်ရေးအတွက် လာမည့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေ လျာထားတင်ပြတောင်းခံမည်ဖြစ်ပြီး ရန်ပုံငွေခွဲပြုချက်ရရှိပါက အဆောက်အအုံပြင်ဆင်နိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

သဲကုန်းမဲဆန္ဒနယ်မှ ဒေါ်ဥမ္မာမိမိခေါ်၏ **သဲကုန်းမြို့နယ် ဘောလုံးကွင်းအား ပွဲကြည့်စင်နှင့် အဆင့်မီအားကစားကွင်းအဖြစ် ပြန်လည်တည်ဆောက်ပေးရန်အစီအစဉ်ရှိ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးကျော်သူက ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) နတ်တလင်းခရိုင် သဲကုန်းမြို့နယ် အားကစားကွင်းသည် အမှတ် (၄)ရပ်ကွက်တွင် တည်ရှိပြီး စုစုပေါင်းမြေဧရိယာ ၅ ဒသမ ၉၇ ဧကရှိပြီး အဆိုပါအားကစားကွင်းအား အားကစားရေးရာဝန်ကြီးဌာနပိုင်အမည်ဖြင့် အခမဲ့မြေလွှဲအမိန့်ရရှိရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အားကစားကွင်းအတွင်းတွင် ရုံးနှင့်နေအိမ် တွဲလျက်အဆောက်အအုံ အလျား ပေ ၄၀၊ အနံပေ ၃၀ တစ်လုံးအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေမှ ကျပ် ၁၆ ဒသမ ၈ သန်း ဖြင့် ဆောက်လုပ်ထားရှိပြီး ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ သဲကုန်းမြို့နယ် ဘောလုံးကွင်းအတွင်း ပွဲကြည့်စင် တည်ဆောက်ပေးနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ (အလျား ပေ ၁၅၀ x အနံ ပေ ၂၀) RC နှစ်ထပ်ပွဲကြည့်စင်တည်ဆောက်ခြင်း လုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် သန်း ၉၀၀ အား



၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေစာရင်းတွင် ထည့်သွင်းလျာထား ထားရှိပြီး ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် အဆင့်မီအားကစားကွင်းအဖြစ် ပြန်လည်တည်ဆောက်ပေးနိုင်ရေးအတွက် ကျန်ရှိသည့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအား သင့်လျော်သောဘဏ္ဍာရေးနှစ်များတွင် ခွင့်ပြုရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်အလိုက်လျာထားတင်ပြတောင်းခံပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မော်ဘီမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း၏ **မော်ဘီမြို့နယ် အားကစားကွင်းအား ခရိုင်အားကစားကွင်းအဖြစ် မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးကျော်သူက ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ်အားကစားကွင်းအား ခရိုင်အဆင့် အားကစားကွင်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရေးနှင့်စပ်လျဉ်း၍ ကနဦးအနေဖြင့် မိတာ ၄၀၀ ပြေးလမ်း ကျောက်မှုန့်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် လက်ရှိပြေးလမ်းတွင် ဘောလုံးကွင်းထက်နှစ်ပေခန့် နိမ့်ကျနေသဖြင့် ပြေးလမ်းအား Level မြှင့်တင်ခြင်း၊ အပြင်ရေနုတ်မြောင်းတည်ဆောက်ခြင်းနှင့် အပြင်ကတ်တုံးတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် စုစုပေါင်း ခန့်မှန်းကုန်ကျငွေကျပ် ၉၄၇ ဒသမ ၅၁၀ သန်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေစာရင်းတွင် ထည့်သွင်းလျာထား ထားရှိပြီး ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ကျန်ရှိသည့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအား သင့်လျော်သော ဘဏ္ဍာရေးနှစ်များတွင် ခွင့်ပြုရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်အလိုက် လျာထားတင်ပြတောင်းခံပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

နောင်ချိုမဲဆန္ဒနယ်မှ ဦးကျော်မြင့်နိုင်၏ **နောင်ချိုကျောက်မဲ၊ သီပေါ်၊ လားရှိုးမြို့များအပါအဝင် အချို့မြို့ရွာများ၌ ပျက်စီးခဲ့ရသည့် ဆုံးရှုံးမှုနှင့် ပတ်သက်၍ မည်သို့ကုစားဆောင်ရွက်မည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက ရှမ်းပြည်နယ် နောင်ချိုမြို့နယ်၊ ကျောက်မဲမြို့နယ်၊ သီပေါမြို့နယ်နှင့် လားရှိုးမြို့နယ်များတွင် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပြည်သူလူထုနေအိမ်များ၊ သာသနိကအဆောက်အအုံများ၊ ဌာနဆိုင်ရာ ရုံး/အဆောက်အအုံ အချို့ ပျက်စီးဆုံးရှုံးခဲ့ရပြီး ပြည်သူလူထုများ ယာယီနေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရပါကြောင်း၊ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ဒေသခံပြည်သူများ၏အိုးအိမ်အဆောက်အအုံများ၊ သာသနိကအဆောက်အအုံများ၊ တံတားများ ပျက်စီးဆုံးရှုံးခဲ့ရပါကြောင်း၊ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ယာယီနေရပ်စွန့်ခွာ ပြည်သူများအား ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ရှမ်းပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့မှ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိနှင့် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုး ထောက်ပံ့ပေးအပ်ခဲ့ပါကြောင်း။

ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍအပါအဝင် ဌာနဆိုင်ရာ အဆောက်အအုံများ ပြန်လည်ပြင်ဆင် တည်ဆောက်ခြင်းနှင့် ဆက်သွယ်ရေး တာဝါတိုင်များ၊ ဆက်သွယ်ရေး(ဖုန်း/အင်တာနက်)လိုင်းများကောင်းမွန်စွာအသုံးပြုနိုင်ရေး ပြင်ဆင်ပြုပြင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပညာရေးကဏ္ဍအနေဖြင့် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနိုင်ရေး အတွက် နောင်ချိုမြို့နယ်၊ ကျောက်မဲမြို့နယ်၊ သီပေါမြို့နယ်နှင့် လားရှိုးမြို့နယ်တို့တွင် ကျောင်းပေါင်း ၃၆၀ ကျော် ဖွင့်လှစ်သင်ကြားလျက်ရှိပါကြောင်း၊ ပို့ဆောင်ရေးကဏ္ဍနှင့် လျှပ်စစ်ကဏ္ဍအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးရုံများ ဖွင့်လှစ်၍ ကုသပေးလျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ အကြမ်းဖက်ဖြစ်စဉ်များကြောင့်ပျက်စီးဆုံးရှုံးသွားသည့် နေအိမ်များ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ သာသနိကဆိုင်ရာ အဆောက်အအုံများနှင့်ဓာတ်အား လိုင်းများ၊ နိုင်ငံတော်အစိုးရမှ ကူညီထောက်ပံ့ပြုပြင်မှုများ ဆောင်ရွက်နေသည့်အပြင် တရားဥပဒေစိုးမိုးရေးအတွက်လည်းတပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာများမှ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

သဃ်ဝန်းကျွန်းမဲဆန္ဒနယ်မှ ဒေါ်သန်းသန်းအေး၏ **နေရပ်စွန့်ခွာသူများ၏ အခက်အခဲနှင့် ဆက်လက်ရပ်တည်နိုင်ရေးအပေါ် အစိုးရ၏အစီအစဉ်များ ထုတ်ဖော်ပြောကြားပေးရန် သိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက နိုင်ငံတော်အစိုးရအနေဖြင့် ယာယီနေရပ်စွန့်ခွာ ပြည်သူများ လတ်တလောနေထိုင်စားသောက်ရေး အဆင်ပြေမှုရှိစေရန် ယာယီခိုလှုံရာစခန်းများ ဖွင့်လှစ်ပေးခြင်း၊ နေရပ်စွန့်ခွာ ပြည်သူများကို လစဉ် ငွေကြေးများထောက်ပံ့ပေးအပ်ခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများမှ ဆန်၊ ဆီ၊ ဆား အစရှိသည့် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခြင်း၊ ယာယီခိုလှုံရာစခန်းများတွင် ခေတ္တခိုလှုံနေထိုင်စဉ်အတွင်း ယာယီနေရပ်စွန့်ခွာ ပြည်သူများ၏ သားသမီးများ ပညာသင်ကြားခွင့် ဆုံးရှုံးမှုမရှိစေရေး စီစဉ်ဆောင်ရွက်ပေးခြင်း၊ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် တိုင်းဒေသကြီး/ပြည်နယ်များအလိုက် နယ်မြေအေးချမ်းမှုရှိသည့်နေရာများတွင် ယာယီနေရပ်စွန့်ခွာ ပြည်သူများ မိမိနေထိုင်ရာဒေသသို့ ဘေးကင်းစွာ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရန် မိုင်းအန္တရာယ် ကင်းရှင်းရေးနှင့် နယ်မြေလုံခြုံရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ တိုက်ပွဲများကြောင့် ထိခိုက်ပျက်စီးခဲ့သည့်နေအိမ်များ ပြန်လည်တည်ဆောက်ရာတွင် လိုအပ်သော ဆောက်လုပ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်း၊ တိုက်ပွဲများကြောင့် ပျောက်ဆုံး/ပျက်စီးသွားသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းများကို ပြန်လည်စိစစ်ထုတ်ပေးခြင်း၊ ယာယီနေရပ်စွန့်ခွာ ပြည်သူများ ပြန်လည်ရပ်တည်နိုင်ရေးအတွက် အသက်မွေးဝမ်းကျောင်း သင်တန်းများတွင် ပညာသင်ယူနိုင်ရေး ဆောင်ရွက်ပေးခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများဖန်တီးပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် တပ်မတော်၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက ပိုင်းဝန်းပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်မှုအခြေအနေများကို နိုင်ငံပိုင် သတင်းဌာနများ၊ နေ့စဉ်ထုတ်သတင်းစာများတွင် အများပြည်သူသိရှိစေရန် ထုတ်လွှင့်ခြင်း၊ ရေးသားဖော်ပြခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ရေးမဲဆန္ဒနယ်မှ ဒေါ်မြင့်သန်း၏ **မွန်ပြည်နယ်ရှိ စစ်ဆေးရေးဂိတ်များမှ တရားမဝင် ဂိတ်ကြေးကောက်ခံနေမှုပပျောက်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက မွန်ပြည်နယ်အတွင်းရှိ စစ်ဆေးရေးဂိတ်များတွင် နယ်မြေဒေသလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တရားမဝင် အကောက်ခွန်မဲ့ကုန်ပစ္စည်းများ သယ်ဆောင်မှုမရှိစေရေးအတွက် ပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ထိုသို့ စစ်ဆေးဆောင်ရွက်ရာတွင် ကုန်စည်စီးဆင်းမှုအဟန့်အတားမဖြစ်စေရေး ငွေကြေးတောင်းခံမှုများမရှိစေရေးနှင့် ပြည်သူများနှင့် ဆက်ဆံရာတွင် ယဉ်ကျေးပျူငှာစွာဆက်ဆံစေရေးအတွက် ပြည်နယ်အစိုးရအဖွဲ့ ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီနှင့်ဌာနဆိုင်ရာများအလိုက် တာဝန်ရှိသူ အဆင့်ဆင့်မှ အလေးထားကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ငွေကြေးကောက်ခံမှုများရှိ၍ တိုင်ကြားလာပါက တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပဒ္မသိရိဝိဇယနယ်မှ ဦးလှဆွေ၏ **ဇေယျာသီရိမြို့နယ်ရှိ သာယာအေးနှင့် ရွှေကံသာကျေးရွာများ၊ ဒဂ္ဂိဏသီရိမြို့နယ်ရှိ သီရိမင်္ဂလာနှင့် စိုက်ခင်း (၃) ကျေးရွာများအား တရားဝင်ကျေးရွာများအဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက ဇေယျာသီရိမြို့နယ်ရှိ သာယာအေးကျေးရွာ၊ ရွှေကံသာကျေးရွာနှင့် ဒဂ္ဂိဏသီရိမြို့နယ်ရှိ သီရိမင်္ဂလာကျေးရွာ၊ စိုက်ခင်း(၃)ကျေးရွာတို့ကို ပြည်ထဲရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသော ကျေးရွာများအဖြစ် သတ်မှတ်နိုင်ရေး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၄(ခ)နှင့်အညီ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံတင်ပြပြီး ခွင့်ပြုချက်ရရှိပါက ကျေးရွာမြေများအဖြစ် အသုံးပြုခွင့်ရရှိရန် ခွင့်ပြုမိန့်၊ ပယ်ဖျက်မိန့်များရရှိနိုင်ရေး နေပြည်တော်ကောင်စီက ဆောင်ရွက်ပြီး ခွင့်ပြုမိန့်များရရှိမှသာလျှင် ပြည်ထဲရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသော ကျေးရွာများအဖြစ် သတ်မှတ်နိုင်ရေး ကျေးရွာတိုးချဲ့၊ ပြင်ဆင်ဖွဲ့စည်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ နေပြည်တော်ကောင်စီက ဆက်လက်ဆောင်ရွက်သွားရမည့်ကိစ္စဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုးက **"အမျိုးသားဘာသာ၊ စာပေနှင့်ယဉ်ကျေးမှု ရိုးရာထုံးစံများမပျောက်မပျက်စေရေးအတွက် အမျိုးသားဘာသာ၊ စာပေ၊ ယဉ်ကျေးမှုဆိုင်ရာမူဝါဒနှင့် အမျိုးသားဘာသာစာပေရေရှည်ထိန်းသိမ်းခြင်းဆိုင်ရာ ဥပဒေ/နည်းဥပဒေ(တစ်ခု)ရေးဆွဲပြီး တိတိကျကျပြဋ္ဌာန်းသင့်ကြောင်းအဆို"**ကို တင်သွင်းရာ သဃ်ဝန်းကျွန်းမဲဆန္ဒနယ်မှ ဒေါ်သန်းသန်းအေးက ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက လက်ခံဆွေးနွေးရန် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်တွင် စာတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဥပဒေကြမ်း"**ကို လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးတင်ပြသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကိုရပ်နားလိုက်ပြီး အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို အောက်တိုဘာ ၂၃ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းအဖွဲ့

၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ စတင်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၁

၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းမှ စတင်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာ အသီးသီးတွင် စည်ကားသိုက်မြိုက် စွာ ကျင်းပသည်။

ယနေ့တွင် "မဟာဂီတ" တေးသီချင်းအဆိုပြိုင်ပွဲကို မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၁)ရှိ နီလာခန်းမ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက ရွှေပင်ရွှေဘုန်း(ကြိုး) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက ကြောက်ဖွယ်ဘုန်းတန်း(ကြိုး) သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက သည်ဆောင်းဟေမန် (ဘွဲ့)သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

"ကာလပေါ်" တေးသီချင်းအဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)ရှိ မြခန်းမ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက အောင်မြင်ခြင်းအတူတူ (စန္ဒရားထွန်းညွှန့်) သီချင်းဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များ ကလည်းကောင်း ကကြိုးကကွက် စုံလင်စွာဖြင့် ယှဉ်ပြိုင်ကြသည်။

အရေးပြိုင်ပွဲကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာ ခန်းမ၌ ကျင်းပရာ ဝါသနာရှင် အဆင့် (ပထမတန်း) အမျိုးသား/အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သုံးပါးမြတ်ရတနာ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား/အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြန်မာ့ဂုဏ်ရည်" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသား/အမျိုးသမီးပြိုင်ပွဲတွင် ကရင်ပြည်နယ်၊

စာမျက်နှာ ၈ သို့ ✦



အရေးပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များက ရသစုံလင်စွာ ဖော်ကျူးတေးဖွဲ့ ယှဉ်ပြိုင်ကြစဉ်။



မဟာဂီတအခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ် အတွင်း) အမျိုးသမီး တေးသီချင်းအဆိုပြိုင်ပွဲတွင် မွန်ပြည်နယ်မှ မအိမိုသံသာခင် ယှဉ်ပြိုင်စဉ်။



အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးအကပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မသွန်းရတီကျော် ယှဉ်ပြိုင်စဉ်။

ချစ်ခြင်းခိုင်ကျည် ပွဲတော်ဆီ

❖ အောင်အတိတ်ရယ်နှင့်
အောင်နိမိတ် ရင်မှာစွဲပါလို့
အောင်စိတ် အစဉ်သာ ကဲလျှင်ဖြင့်
ဇွဲမလျှော့ခိုင် ခိုင်မာပြည့်ရပေမပေါ့
အသိတူမျှ ထပ်ဖော်ကာ ညှင်သာစကားတွေနဲ့
ဝိမုဉ္စရာတ်တော်မှာ ထင်စွာကြားရပေလိမ့်
မင်္ဂလာတရားနဲ့ ပြည့်စုံစွာ။

❖ ဆိုင်းအိုးစည် ဒိုးပတ် စွမ်းပကားငဲ့ပြင်
စန္ဒရားနဲ့ ရှုပ်သေး
အရေးနဲ့ အဆိုစုံ
အမျိုးဂုဏ် မြှင့်တင်တေးတွေလည်း
သီကြွေးကာ အားမာန်တက်
ကွက်စိပ်လည်းပါ။

❖ ရိုင်းပင်းအား တည်ထောင်ပြခဲ့တဲ့
တိုင်းရင်းသား ညီနောင်ထုတို့ရဲ့
ပြည်ထောင်စု အလှဆင်ယင်တဲ့
မြန်မာ့သဘင် အသွင်တင့်လိုက်ပုံက
အလှတွင် အယဉ်ဆင့်
ဝင့်ကြွားဖွယ့် အနုပညာ
ရှုချင့်စရာ အံ့မခန်း။

❖ အမှန်မယွင်း အဟောင်းဖွေရှာ
ဟန်လင်း တကောင်း အမွေပါ
သရေခေတ္တရာ ဆင့်ကာဖြိုးပါလို့
အခြေအမြစ်မှာ ဝင့်ကာ မည့်ပါဘူး
တို့ရိုးရာအခိုင်အခံပေမို့
ကြိုင်သန့် ထုံကြည်ဝင်းဝေလို့
နိုင်ငံဂုဏ်ရည် လင်းစေဖို့
ချစ်ခြင်းပြိုင် အနိုင်နဲ့ကြမယ်
ပွဲတော်သို့လှမ်း။ ။

[(၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ဂုဏ်ပြုလျက်]

မြင်းမူမောင်နိုင်မိုး

✦ စာမျက်နှာ ၇ မှ

ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဆောင်ဦးဟေမန်" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသား/အမျိုးသမီး ပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မွေးမေမေ" ခေါင်းစဉ်ဖြင့် လည်းကောင်း ရသစုံလင်စွာ ဖော်ကျူးတေးဖွဲ့ ယှဉ်ပြိုင်ကြသည်။

ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲကို အမျိုးသားပြတိုက် (နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်



အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားစန္ဒရားအတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ကောင်းဆက်သွေး ယှဉ်ပြိုင်စဉ်။

နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များနှင့် အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ် အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "အတိုင်းမသိ" (ဝတ်တော်ရံ ဘုန်းတော်ဘွဲ့) သီချင်းဖြင့် လည်းကောင်း ငြိမ့်ညောင်းသာယာစွာ ယှဉ်ပြိုင်ကြသည်။

ဒိုးပတ်အတီးပြိုင်ပွဲကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဓာတ်ရုံ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက



အဆင့်မြင့်ပညာအဆင့် အမျိုးသားဒိုးပတ်အတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်စဉ်။

တိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များနှင့် အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မွေးမေမေ" (ကြိုး) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များနှင့် အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ် အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "အတိုင်းမသိ"(ဝတ်တော်ရံ ဘုန်းတော်ဘွဲ့) သီချင်းဖြင့် လည်းကောင်း ငြိမ့်ညောင်းသာယာစွာ ယှဉ်ပြိုင်ကြသည်။

ဒိုးပတ်အတီးပြိုင်ပွဲကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဓာတ်ရုံ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ အိုးစည်အတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကယားပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း မြေးကြွေမြိုင်ဆိုင်ရာ တီးခတ်ယှဉ်ပြိုင်ကြသည်။

စန္ဒရားအတီး ပြိုင်ပွဲကို နေပြည်တော် တည်ဒဲခိုရေးစခန်း ပုဗ္ဗသီရိတပ်နယ်ခန်းမ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ခါန္တေဆန်း" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက ပန်းဟေဝန်(တောဘွဲ့,ယိုးဒယား) သီချင်းဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက မေဘဝခဏာ ဘယ်သူယူပါ့မယ် (ကာလပေါ်) သီချင်းဖြင့် လည်းကောင်း ယှဉ်ပြိုင်ကြသည်။

ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် "သုဝဏ္ဏသာမ" ဇာတ်တော်ကြီးဖြင့် ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြု အောင်တံခွန်ရုပ်စုံ သဘင်အဖွဲ့က မြန်မာ့ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြ ယှဉ်ပြိုင်ကြသည်။

ဇာတ်တော်ကြီး ပြိုင်ပွဲကို နေပြည်တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမရှိ လဟာပြင်ကဇာတ်ရုံ၌ ကျင်းပရာ ဇာတ်တော်ကြီး အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် "ဝိဓူရ" ဇာတ်တော်ကြီးဖြင့် ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြု တော်ဝင်ဥဿာ မဟာသဘင် ဇာတ်တော်ကြီးအဖွဲ့က မူရင်း ဇာတ်တော်ကြီး၏ တီးလုံးတီးချက်များကို မြန်မာ့ဇာတ်သဘင်၏ ဆို ဒို ပြော ပညာရပ်များ၊ အကအလှများနှင့် အနုပညာရသမြောက်ပေါင်းစပ်ပြီး ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်တူပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးရာဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ သဘင်ကိုချစ်မြတ်နိုးကြသည့် မိဘပြည်သူများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူများ၊ မိဘများက ပြိုင်ပွဲနေရာအသီးသီး၌ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ ဗဟိုအဆင့်ဟူ၍ အဆင့်ဆင့် ကျင်းပခဲ့ခြင်းဖြစ်ပြီး ဗဟိုအဆင့် ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၂၄၀၀ ကျော် ပါဝင် ယှဉ်ပြိုင်လျက်ရှိကြောင်းနှင့် နိဂုံးတော်အစိုးရအနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များထံ လက်ဆင့်ကမ်းအမွေပေးနိုင်ရေးအတွက် မျှော်မှန်းကာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို အစဉ်အလာမပျက် ကျင်းပပေးခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ရမည်းသင်းမြို့၌ ချည်မျှင်ရှည်ဝါစိုက်တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်

ရမည်းသင်း အောက်တိုဘာ ၂၁

မန္တလေး တိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် နိုင်ငံစီးပွားဖြင့်တင်ရေးရန်ပုံငွေမှ ချည်မျှင်ရှည်ဝါစိုက် တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသင်းရာနာခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ရမည်းသင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ရမည်းသင်းမြို့နယ် အနေဖြင့် ချည်မျှင်ရှည်ဝါစိုက်ကေ



စက္ကရီ ဧကအတွက် ငွေကျပ် ၂၆၁၇ ဒသမ ၅ သန်း ထုတ်ချေးပေးမည်ဖြစ်ပြီး ယနေ့တွင် ဆည်ကြီးအုပ်စု ဧက ၁၅၀ နှင့် ကနဲဘဲ့အုပ်စု ဧက ၁၆၀ စုစုပေါင်း ဧက ၃၁၀ အတွက် ငွေကျပ် ၉၃ သန်း ထုတ်ချေးပေးမည် ဖြစ်ကြောင်း၊ ဝါသီးနှံအထွက်နှုန်း ကောင်းမွန်စေရေး ချေးပေးခြင်းဖြစ်သည့် အတွက် ဝါစိုက်ခင်းများတွင် သွင်းအားစုများ အမှန်တကယ် ထည့်သွင်းသုံးရန် လိုအပ်ကြောင်း၊ ချေးငွေများကို သတ်မှတ်ရက်တွင် အပြေအကျေပေးဆပ်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ကျေးရွာအုပ်စု နှစ်အုပ်စုမှ ချည်မျှင်ရှည်ဝါစိုက်ပျိုးသည့် တောင်သူ ၁၃၈ ဦး အား ထုတ်ချေးငွေကျပ် ၉၃ သန်း ပေးအပ်ခဲ့ကြောင်း သိရသည်။

အေးခိုင်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့ မြို့မဈေးခွံ အောက်တိုဘာ ၂၀ ရက်တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်မှုများဆောင်ရွက်ရာ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်နည်းများကို သရုပ်ပြစဉ်။

ဖြိုးဝေလင်း(ပြန်/ဆက်)

အရည်အသွေးဖြင့်ကျော်ကြား ကမ္ဘာ့အကောင်းဆုံးဆန်ဆုရ မြန်မာ့ပေါ်ဆန်း

စိုက်မွေးဆည်

ကမ္ဘာ့ဆန်စျေးကွက်၏ အထွတ်အထိပ်ပြိုင်ပွဲကြီးဖြစ်သော ကမ္ဘာ့အကောင်းဆုံးဆန်ပြိုင်ပွဲတွင် ထိုင်းနိုင်ငံ၏ ဂျက်စမင်ဆန်၊ အိန္ဒိယ၏ ဘာစမာတီနှင့် ဗီယက်နမ်၏ ST25 ဆန် စသည့်ထိပ်တန်းဆန်များကို ကျော်ဖြတ်ကာ ကမ္ဘာ့အကောင်းဆုံးဆန်ဆု နှစ်ကြိမ်နှင့် တတိယဆု တစ်ကြိမ် ဆွတ်ခူးရရှိခဲ့ဖူးသည့် မြန်မာ့ပေါ်ဆန်းမွေးဆန်သည် နိုင်ငံတကာစင်မြင့်ထက်တွင် မြန်မာ့ဂုဏ်ကိုဆောင်နိုင်ခဲ့သည့် အဖိုးတန်ရတနာတစ်ပါး ဖြစ်ပါသည်။

ပေါ်ဆန်းမွေးသည် မြန်မာနိုင်ငံအတွင်းရှိ အခြားသော ဆန်အမျိုးအစားအားလုံးထက် အရည်အသွေး၊ အနံ့နှင့်အရသာပိုင်းတွင် သိသာထင်ရှားစွာ သာလွန်ကောင်းမွန်နေသည့်အတွက် ကမ္ဘာ့အဆင့်မီ ဆန်ကောင်းအဖြစ် ရပ်တည်နေခြင်းဖြစ်သည်။ သာမန်မျက်စိဖြင့်ကြည့်လျှင် တိုတုတ်လုံးဝန်းသော ပုံသဏ္ဌာန်သာရှိသည့် ပေါ်ဆန်းဆန်၏နောက်ကွယ်တွင် လူသိနည်းလှသည့် ထူးခြားဆန်းပြားသော သဘာဝလျှို့ဝှက်ချက်များနှင့် စိတ်ဝင်စားဖွယ် ရေမြေဗီဇ အကြောင်းအရာများစွာ ကိန်းအောင်းလျက်ရှိနေပါသည်။

ပေါ်ဆန်းဆန်ကို ချက်ပြုတ်လိုက်သည့်အခါ အလျားလိုက် နှစ်ဆ၊ သုံးဆနီးပါးအထိ ရှည်ထွက်လာသည့် ထူးခြားသောဗီဇ၊ စားသုံးသူတိုင်းကို စွဲမက်စေသည့် နူးညံ့မှုနှင့် တင်းရင်းမှု မျှတခြင်း အချိုးအစား၊ စနစ်တကျ သိလှောင်ပါက နှစ်ရှည်လများအထိ အနံ့မပျက်ဘဲ မွေးရနံ့ကို ထိန်းထားနိုင်သည့်သဘာဝနှင့် စိုက်ပျိုးသည့် ရေမြေဒေသအလိုက် အရည်အသွေးပြောင်းလဲသွားတတ်ခြင်းတို့သည် အခြားဆန်များထက် ထူးခြားသည့် ဝိသေသ လက္ခဏာများဖြစ်သည်။ ထို့အပြင် မြန်မာ့ရေမြေဒေသခံ ရိုးရာမျိုးစစ်စစ်ဖြစ်ခြင်းအပါအဝင် စိတ်ဝင်စားဖွယ်ကောင်းလှသည့် သဘာဝလျှို့ဝှက်ချက်အဓိကငါးချက်ရှိနေပါသည်။

ဆန်သားရှည်ထွက်လာသည့် ဗီဇ

ပေါ်ဆန်းဆန်၏ ပထမဆုံးနှင့် အံ့သြစရာအကောင်းဆုံးလျှို့ဝှက်ချက်မှာ ချက်ပြုတ်လိုက်သည့်အခါ သာမန်ဆန်များကဲ့သို့ ဘေးတိုက်ပွပြီး ဖောင်းကားမသွားဘဲ အလျားလိုက် နှစ်ဆ၊ သုံးဆနီးပါးအထိ ရှည်ထွက်လာသည့် ထူးခြားသောသဘာဝဗီဇရှိနေခြင်းဖြစ်သည်။ အလျားလိုက် ရှည်ထွက်ခြင်းသည် ဆန်စေ့အတွင်းရှိ ကစိဓာတ်ဆဲလ်များက ရေနှင့် အပူရှိန်ကို စနစ်တကျစုပ်ယူပြီး အပေါ်အောက် လမ်းကြောင်းအတိုင်းသာ ဆန့်ထွက်စေရန် မျိုးရိုးဗီဇက ထိန်းချုပ်ထားခြင်းကြောင့်ဖြစ်သည်။ ထိုသို့ ထူးထူးခြားခြား ရှည်ထွက်သွားသော်လည်း ဆန်စေ့များ ကျိုးကြေပျက်စီးသွားခြင်းလုံးဝမရှိဘဲ လှပသေသပ်သည့်ပုံသဏ္ဌာန် တည်ရှိနေခြင်းမှာ ထူးကဲသောအရည်အသွေးဖြစ်သည်။

တောင်သူလယ်သမားများအနေဖြင့် ပေါ်ဆန်း၏ ဆန်သားရှည်ထွက်လာမှုဗီဇကို ထိန်းသိမ်းနိုင်ရန် စပါးရိတ်သိမ်းချိန်နှင့် အခြောက်ခံသိုလှောင်ချိန်များတွင် ဆန်စေ့အတွင်းပိုင်း အက်ကွဲကြောင်းများ မဖြစ်ပေါ်စေရန် စနစ်တကျ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ပျော့ပျောင်းနူးညံ့ပြီး စေးကပ်မနေဘဲ ခပ်ဖွယ်ဖွယ်ဖြစ်ခြင်း

ပေါ်ဆန်းဆန်တွင် အမိုင်လိုစ်ဓာတ်သည် အလယ်အလတ်အဆင့် (၂၁ ရာခိုင်နှုန်းမှ ၂၄ ဒသမ ၉ ရာခိုင်နှုန်း)သာ ပါဝင်သဖြင့် ချက်ပြုတ်ပြီးသောအခါ 'အပျော့အမာ မျှတမှု'ရှိသည့် အလွန်ထူးခြားသော အနေအထားကို ရရှိစေပါသည်။ ကမ္ဘာ့ကျော်ထိုင်းဂျက်စမင်ဆန်သည် ယင်းဓာတ်ပါဝင်မှုနည်းလွန်းသဖြင့် အလွန်စေးကပ်၍ ပျော့အိအိဖြစ်နေပြီး သာမန်ဆန်ကြမ်းများမှာမူ ထိုဓာတ်ပါဝင်မှုများလွန်းသဖြင့် အေးသွားပါက မာကြောသွားတတ်ပါသည်။ ပေါ်ဆန်းမွေးမှာမူ ကစိဓာတ်အချိုးအစား ကွက်တိမျှတနေခြင်းကြောင့် ပူပူနွေးနွေးအချိန်တွင် နူးညံ့ပျော့ပျောင်းနေရုံသာမက အေးသွားသည့် တိုင်အောင် မာကြောမသွားဘဲ တင်းတင်းရင်းရင်းနှင့် ပါး၍ အလွန်ကောင်းမွန်သောအနေအထားတွင် ရှိနေပါသည်။

ဤအရည်အသွေးကိုရရှိရန်အတွက် စပါးနှံများ ရင့်မှည့်ချိန်တွင်ရိုရှင်းမည့် ပတ်ဝန်းကျင်အပူချိန်၊ နေရောင်ခြည်၊ စိုထိုင်းဆအခြေအနေများနှင့် စိုက်ပျိုးသည့်မြေဆီလွှာတွင် အာဟာရဓာတ် လုံလောက်မှုတို့သည် အလွန်အရေးကြီးပါသည်။ အထူးသဖြင့် စပါးမရိတ်သိမ်းမီ ရေထုတ်ချိန်နှင့် အခြောက်ခံစနစ်မမှန်ကန်ပါက ဆန်၏ပျော့ပျောင်းမှုအရည်အသွေးကို ထိခိုက်စေနိုင်ပါသည်။ တောင်သူလယ်သမားများအနေဖြင့် စပါးနှံများ အောင်မြင်ရင့်မှည့်ချိန်တွင် ရေသွင်းရေထုတ်နှင့် အစိုဓာတ် အရည်အသွေးများ သိသာစွာ ကွာခြားသွားတတ်ပါသည်။ ပေါ်ဆန်းကို မည်သည့်ဒေသတွင်မဆို စိုက်ပျိုး၍ရသော်လည်း ၎င်း၏ထူးကဲသောအရည်အသွေးကိုမူ အပြည့်အဝမရရှိနိုင်ပေ။ မြန်မာနိုင်ငံတွင် မိုးကောင်းသောက် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် ဆည်ရေသောက် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တို့သည် ပေါ်ဆန်းအတွက် အကောင်းဆုံး ရေမြေများရှိကြသည့်အတွက် ၎င်းဒေသများ၌ စိုက်ပျိုးသည့် ပေါ်ဆန်းဆန်များတွင် ထူးခြားသည့် သဘာဝလက္ခဏာရပ်များ ပြည့်ဝနေခြင်းဖြစ်သည်။

ပေါ်ဆန်း၏ အရည်အသွေးအဆင့်အတန်းကို ရေရှည်ထိန်းသိမ်းနိုင်ရန် စိုက်နည်းစနစ်၊ ပြုစုစောင့်ရှောက်မှုမှာ လွန်စွာအရေးကြီးလှပါသည်။ မိမိတို့ဒေသထွက် ပေါ်ဆန်းဆန်၏အဖိုးတန်လှသော ရေမြေဂုဏ်သတင်းကို ကာကွယ်ရန်နှင့် နိုင်ငံတကာ စွေးကွက်အထိ တန်ဖိုးမြှင့်တင်နိုင်ရန်အတွက် မျိုးသန့်စပါးကိုသာ ရွေးချယ်စိုက်ပျိုးရန်နှင့် ဒေသအလိုက်ထွက်ရှိသည့် ဆန်အရည်အသွေးကို တစ်ပြေးညီဖြစ်အောင် စနစ်တကျ ထိန်းသိမ်းထုတ်လုပ်ကြရမည်။

မြန်မာမျိုးရင်းစစ်စစ်ဖြစ်ခြင်း

ပေါ်ဆန်းဆန်သည် ခေတ်သစ်စပါးများကဲ့သို့ မျိုးကူးစပ်ထားခြင်းမဟုတ်ဘဲ မြန်မာ့ရေမြေတွင် သဘာဝအလျောက် ရာစုနှစ်ချီရှိနေခဲ့သည့် 'ဒေသမျိုးရင်း'ဖြစ်သည်။ ဒေသမျိုးရင်းဆိုသည်မှာ စတင် ပေါက်ဖွားရာ မူလဇာစ်မြစ်တစ်ခုတည်းကိုသာ ဆိုလိုခြင်းမဟုတ်ဘဲ ဒေသတစ်ခုဏ် ရေမြေရာသီဥတု နှင့်ကိုက်ညီအောင် တောင်သူလယ်သမားများ ကိုယ်တိုင် နှစ်ပေါင်းများစွာ စနစ်တကျ မျိုးရွေးချယ်ပြီး ရိုးရာအတိုင်း စိုက်ပျိုးထိန်းသိမ်းလာခဲ့သည့် ဗီဇ ခိုင်မာသောမျိုးစစ်စစ်ဖြစ်သည်။ ဤထူးခြားသော သဘာဝဗီဇကြောင့် ပေါ်ဆန်းသည် စိုက်ပျိုးသည့် ဒေသ၏ ရာသီဥတု၊ မြေဆီလွှာနှင့် ပိုးမွှားရောဂါ ဒဏ်များကို သဘာဝအတိုင်း ခံနိုင်ရည်ရှိအောင် အလိုအလျောက်ကျင့်သားရနေပြီး ဓာတုဗေဒဆေးများ အသုံးပြုခြင်းထက် သဘာဝမြေဆီလွှာကို ပိုမို နှစ်သက်ကာ မိမိဒေသအလိုက် သီးခြားအရသာနှင့် မွေးရနံ့ကို အပြည့်အဝ ပေးစွမ်းနိုင်ခြင်းဖြစ်ပါသည်။

တောင်သူလယ်သမားများအနေဖြင့် မိမိတို့ စိုက်ပျိုးနေသော ပေါ်ဆန်းစပါးသည် ကမ္ဘာတွင် ရှားပါးလှသည့် ရိုးရာဒေသမျိုးစစ်စစ်ဖြစ်သည်ကို နားလည်ပြီး တန်ဖိုးထားတတ်ရန် လိုအပ်ပါသည်။ ခေတ်သစ်မျိုးစပ်စပါးများသည် ကာလတိုအတွင်း အထွက်နှုန်းကောင်းမွန်နိုင်သော်လည်း ပေါ်ဆန်းကဲ့သို့ ရေမြေနှင့် တစ်သားတည်းဖြစ်ပြီး အရသာနှင့် အနံ့ပိုင်းတွင် ရေရှည်ဗီဇခိုင်မာမှုမျိုးမရှိကြပါ။ သို့ဖြစ်ရာ ပေါ်ဆန်း၏ အဖိုးတန်လှသော ရိုးရာဒေသမျိုးစစ်ကိန်းလက္ခဏာများ မျိုးဆက်တစ်ဆက်မှ တစ်ဆက်သို့ ပြောင်းလဲပျက်စီးမသွားစေရန်အတွက် မျိုးသန့်ထိန်းသိမ်းခြင်းလုပ်ငန်းစဉ်များကို စနစ်တကျလိုက်နာဆောင်ရွက်ပြီး မိမိတို့၏သဘာဝအမွေအနှစ် မျိုးစေ့စစ်စစ်ကို ရေရှည်ကာကွယ်စောင့်ရှောက်သွားကြရပါမည်။

အရည်အသွေးမြင့် ပေါ်ဆန်း စိုက်ပျိုးနည်း

အရည်အသွေးကောင်းမွန်သော ပေါ်ဆန်းကို ရရှိရန်အတွက် စိုက်ပျိုးမည့်မျိုးနှင့်ကိုက်ညီသော ရေ၊ မြေ၊ ရာသီဥတုနှင့် စိုက်ပျိုးနည်းစနစ်များကို မှန်ကန်စွာရွေးချယ်ရန် လိုအပ်ပါသည်။ စိုက်ပျိုးမည့် မြေအမျိုးအစားအနေဖြင့် မြေနကျွန်းမြေ၊ မြစ်ဝကျွန်းပေါ်နုန်းမြေ၊ ရေထိန်းနိုင်သော လယ်မြေမိုမိုပိုင်းနှင့် ရေသွင်းရေထုတ်ထိန်းချုပ်နိုင်သော မြေပြန့် လယ်မြေများဖြစ်ရမည်။ ပေါ်ဆန်း၏ အဓိက လက္ခဏာဖြစ်သော အမွေးနံ့မှာ မျိုးဗီဇတစ်ခုတည်း ကြောင့်မဟုတ်ဘဲ စိုက်ပျိုးချိန်အတွင်း အပူချိန်၊ ရေသုံးစွဲမှုနှင့် နေရောင်ခြည်ရရှိမှုတို့အပေါ်တွင် လည်း များစွာမူတည်နေပါသည်။ အထူးသဖြင့် စပါးစေ့ဖြည့်တင်းချိန်ကာလတွင် နေ့အပူချိန် ၂၂ ဒီဂရီစင်တီဂရိတ်နှင့် ညအပူချိန် ၁၇ ဒီဂရီစင်တီဂရိတ်ရှိခြင်းသည် အမွေးနံ့ကိုဖြစ်ပေါ်စေသည့် 2AP ဒြပ်ပေါင်းထုတ်လုပ်မှုအတွက် အသင့်တော်ဆုံးဖြစ်ပြီး အပူချိန်မြင့်မားပါက အမွေးနံ့လျော့နည်းသွားတတ်သဖြင့် စိုက်ချိန်နှင့် မျိုးကို အထူးဂရုစိုက်ရမည်။ အမွေးနံ့များမပျောက်ပျက်ဘဲ ရေရှည် ထိန်းသိမ်းနိုင်ရန်အတွက် ဆန်၏အစိုဓာတ်ကို ၁၂ ရာခိုင်နှုန်းအောက်ထားကာ အပူချိန် ၁၅-၂၅ ဒီဂရီစင်တီဂရိတ်ခန့်ရှိသော အေးမြခြောက်သွေ့သည့်နေရာတွင် လေလုံအိတ်များဖြင့် စနစ်တကျ သိုလှောင်ရမည်။

ပေါ်ဆန်းဆန်သည် သာမန်စားသုံးရန် ဆန်မျှသာမဟုတ်ဘဲ အံ့သြဖွယ်ရာ သဘာဝလျှို့ဝှက်ချက်များစွာကိန်းအောင်းနေသည့် မြန်မာ့မြေဓါဂုဏ်ယူဖွယ်ရာ ရတနာတစ်ပါးဖြစ်ပါသည်။ ချက်ပြုတ်လိုက်သည့်အခါ အလျားလိုက် သုံးဆနီးပါးအထိ ရှည်ထွက်သွားသည့် ထူးခြားသောဗီဇ၊ စားသုံးသူတိုင်း စွဲမက်ရသည့် အပျော့အမာမျှတမှု၊ နှစ်ရှည်လများအထိ ထိန်းထားနိုင်သော မွေးရနံ့နှင့် ဒေသအလိုက် ထူးကဲလှသည့် ရေမြေဂုဏ်သတင်းတို့ကြောင့် ပေါ်ဆန်းသည် ကမ္ဘာ့ဆန်စင်မြင့်ထက်တွင် ကမ္ဘာ့ထိပ်တန်းဆန်များကိုကျော်ဖြတ်ကာ နှစ်ကြိမ်တိုင်တိုင် သရဖူဆောင်းနိုင်ခဲ့ခြင်းဖြစ်ပါသည်။

သို့ဖြစ်ရာ ထူးကဲသောမျိုးရိုးဗီဇနှင့် အရည်အသွေးများကို ရေရှည်တည်တံ့စေရန်အတွက် စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၊ နည်းပညာပံ့ပိုးပေးမည့် စိုက်ပျိုးရေးပညာရှင်များနှင့် ပြည်တွင်း၊ ပြည်ပ စားသုံးသူပြည်သူလူထုအားလုံးကတစ်ဦးတစ်ယောက် ချင်းစီအလိုက် တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက် သွားကြရမည်ဖြစ်ပါသည်။ မိမိတို့အားလုံးညီညွတ်စွာဖြင့် ပေါ်ဆန်း၏မူလအရည်အသွေးနှင့် မျိုးသန့်မှုကို စနစ်တကျ ကာကွယ်ထိန်းသိမ်းမြှင့်တင်သွားကြခြင်းဖြင့် မြန်မာ့ပေါ်ဆန်းမွေးဆန်သည် ကမ္ဘာ့အဆင့်မီဆန်အဖြစ် ရာစုနှစ်ပေါင်းများစွာတိုင်အောင် ဆက်လက်မွေးမြူတောက်ပနေမည်မှာ ဇောနဲမလွဲပင်ဖြစ်ပါတော့သည်။ ။

ပေါ်ဆန်းဆန်၏ အဓိကသော့ချက်မှာ သင်းပျံ့သည့် 'မွှေးရနံ့'ရှိခြင်းနှင့် ယင်းရနံ့ကို နှစ်ရှည်လများအထိ ထိန်းထားနိုင်သည့် ထူးခြားသောသိုလှောင်နိုင်စွမ်းပင်ဖြစ်ပါသည်။ ပေါ်ဆန်းဆန်တွင် အခြားဆန်များထက် ထူးကဲသောမျိုးရိုးဗီဇ (Os2AP gene) ပါရှိပြီး ၎င်းဗီဇက ဆန်စေ့အတွင်း သင်းပျံ့မှုရှိသော မွှေးရနံ့ 2AP ဒြပ်ပေါင်းများကို သဘာဝအတိုင်း ထုတ်လုပ်ပေးပါသည်။ အထူးသဖြင့် 'ပေါ်ဆန်းကြီး'ကဲ့သို့သော ရာသီစပါးမျိုးများသည် စပါးကြိတ်ခွဲမှုစနစ်နှင့် သိုလှောင်မှုမှန်ကန်ပါက ရိတ်သိမ်းပြီး နှစ်နှစ်ခန့်အထိတိုင်အောင် မွှေးရနံ့လုံးဝ ပျက်ပြယ်မသွားခြင်းမှာ အလွန်အဖိုးတန်လှသော ထူးခြားသည့်သဘာဝလက္ခဏာ ရပ်ပင်ဖြစ်

၂၀၂၆ ခုနှစ် (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ ပုံရိပ်များ

နေပြည်တော် အောက်တိုဘာ ၂၁

၂၀၂၆ ခုနှစ် (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းမှစတင်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်နေမှုများကို ဖော်ပြလိုက်ပါသည်။



ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် "ဝိဓူရ" ဇာတ်တော်ကြီးဖြင့် ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြု တော်ဝင်ဥဿာမဟာသဘင်ဇာတ်တော်ကြီးအဖွဲ့ ယှဉ်ပြိုင်စဉ်။



အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)အမျိုးသမီး နှဲပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။



အခြေခံပညာအဆင့် (အသက် ၁၅နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီး "မဟာဂီတ" တေးသီချင်းအဆိုပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ မမေဇင်ယမင်းနု ယှဉ်ပြိုင်စဉ်။



အဆင့်မြင့်ပညာအဆင့် အမျိုးသားဒိုးပတ်အတီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်စဉ်။





အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ မောင်ဇော်လှိုင်ထွန်း (ခ) ဘော်လုံးနှင့်အဖွဲ့ ယှဉ်ပြိုင်စဉ်။

အရေးပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များက ရသစုံလင်စွာ ဖော်ကျူးတေးဖွဲ့ ယှဉ်ပြိုင်ကြစဉ်။



အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အကပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ မယွန်းဝတီမိုးဆန်း ယှဉ်ပြိုင်စဉ်။

၂၀၂၆ ခုနှစ် (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ ပုံရိပ်များ



အဆင့်မြှင့်ပညာအဆင့် အမျိုးသားဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ မောင်စွမ်းထက်အောင်နှင့်အဖွဲ့ ယှဉ်ပြိုင်စဉ်။



အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီး နဲပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ မဖူးသဇင် ယှဉ်ပြိုင်စဉ်။



အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသား နဲပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ မောင်အာကာဖြိုး ယှဉ်ပြိုင်စဉ်။



အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီး ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မမျိုးမျိုးလင်းနှင့်အဖွဲ့ ယှဉ်ပြိုင်စဉ်။



ရုပ်စုံသဘင်အဖွဲ့လိုက် ပါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် "သုဝဏ္ဏသာမ" ဇာတ်တော်ကြီးဖြင့် ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြု အောင်တံခွန် ရုပ်စုံသဘင်အဖွဲ့ ယှဉ်ပြိုင်စဉ်။



အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) စန္ဒရားအတီးပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ မောင်အေးချမ်းအောင် ယှဉ်ပြိုင်စဉ်။



အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသား "ကာလပေါ်" တေးသီချင်းအဆိုပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။



အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသား "ကာလပေါ်" တေးသီချင်းအဆိုပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။



အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသား နဲပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ မောင်ဝေယံကျော် ယှဉ်ပြိုင်စဉ်။

မကွေးမြို့သမိုင်းဝင်မြသလွန်စေတီတော်မြတ်ကြီး အကြိမ်(၂၅၉၀)မြောက် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပ

မကွေး အောက်တိုဘာ ၂၁

မကွေးတိုင်းဒေသကြီး မကွေးမြို့ သမိုင်းဝင်မြသလွန်စေတီတော်မြတ်ကြီး အကြိမ် (၂၅၉၀) မြောက် ဗုဒ္ဓပူဇနီယပွဲတော်၊ ဗုဒ္ဓါဘိသေက အနေကဓာတင် အခမ်းအနားနှင့် ဗုဒ္ဓပူဇနီယမဂ်လာဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက မြသလွန်စေတီတော်ရင်ပြင်မဟာဝိဇယရံသီ တန်ဆောင်းတော်၌ ကျင်းပသည်။



ဦးစွာ နံနက် ၅ နာရီခွဲတွင် မြသလွန်စေတီတော်မြတ်ကြီး အား မြသလွန်စေတီတော် သြဝါဒိစရိယ ဆရာတော်ကြီး ကိုးပါးနှင့် ပဋ္ဌာနဘာဏကဆရာတော် (၂၄) ပါးတို့က ဗုဒ္ဓါဘိသေက အနေကဓာတင်တော်မူကြပြီး မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကို၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဧနီးများ၊ စေတီတော်ဂေါပကအဖွဲ့နှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြည်ညိုပူဇော်ကြကာ မြသလွန်စေတီတော် သြဝါဒိစရိယ ဆရာတော်ကြီးများအား မြသလွန်ကုန်းတော်မြမဏ္ဍာခမ္မသဘင်ခန်းမ၌ အရှဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက်မြသလွန်စေတီတော်မြတ်ကြီး၏ အကြိမ် (၂၅၉၀) မြောက် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲကို ကျင်းပရာမြသလွန်စေတီတော်မြတ်ကြီး၏ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့နှင့်အတူ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကိုနှင့် တာဝန်ရှိသူများ၊ အခမ်းအနားတက် ရောက်လာကြသူများက အခမ်းအနား အစီအစဉ်အတိုင်း ပွဲတော်ကို ဖွင့်လှစ်ပေးကြသည်။

မြသလွန်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်ကို အစဉ်အလာမပျက် ၁၃၈၈ ခုနှစ် သီတင်းကျွတ်လဆန်း (၁၀) ရက်မှ တန်ဆောင်မုန်းလဆန်း (၆) ရက် (အောက်တိုဘာ ၂၁ ရက်မှ နိုဝင်ဘာ ၁၅ ရက်) အထိ ၂၆ ရက် တိုင်တိုင် ကျင်းပသွားမည်ဖြစ်ပြီး ပွဲတော်ကာလအတွင်း အငြိမ့်၊ နိုင်ငံကျော်ဇာတ်ပွဲများနှင့် မြန်မာ့ရိုးရာ အစားအစာများ၊ လူသုံးကုန်ပစ္စည်းများ၊ ဒေသထွက်ကုန်ပစ္စည်းမျိုးစုံ ခင်းကျင်းရောင်းချသည့် စျေးဆိုင်ခန်းပေါင်း ၁၀၀၀ ကျော် ပါဝင်မည်ဖြစ်သည်။

ထိုပြင် ပွဲတော်လာ ဘုရားဖူးလာပြည်သူများ စိတ်အေးချမ်းသာစွာ နားနေနိုင်ရန်အတွက် ဂေါပကအဖွဲ့က အခမဲ့နားနေဆောင်များကို စီစဉ်ထားရှိကြောင်း သိရသည်။

ဗုဒ္ဓပူဇနီယ ပွဲတော်ရက်များအတွင်း မြို့ပေါ်စာသင်တိုက် ကျောင်းများနှင့် ဘုန်းတော်ကြီး ကျောင်းများမှ သံဃာတော်များ အား ပင့်ဖိတ်၍ သံဃာ့ဒါန ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲ ကျင်းပမည်ဖြစ်သည့်အပြင် သီတင်းကျွတ်လပြည့်နေ့တွင် ဆီမီး ၉၀၀၀၊ နံ့သာ ၉၀၀၀၊ ပန်း ၉၀၀၀ ဆက်ကပ်လှူဒါန်းပူဇော်ပွဲနှင့် မီးပုံးပျံကြီး ၁၄ လုံး၊ မီးပုံးပျံငယ် ၃၀၀၀ တို့ကို လွှတ်တင်ပူဇော်မည်ဖြစ်ကြောင်း သိရသည်။

မောင်ခိုင်မင်း (ပြန်/ဆက်)

ဒုတိယဝန်ကြီး ဒေါက်တာ သောင်းနိုင်ဦး စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



နေပြည်တော် အောက်တိုဘာ ၂၁

သာစည်မြို့နယ် သစ်တောဦးစီးဌာန၏ ကျွန်းသစ်စေ့ထုတ်ဧရိယာ ၂၁ ဧက၊ ၂၀၂၄ ခုနှစ်တွင် စိုက်ပျိုးခဲ့သော စီးပွားရေး(ကျွန်း) စိုက်ခင်း ဧက ၁၁၀ နှင့် ၂၀၂၆ ခုနှစ်တွင် စိုက်ပျိုးခဲ့သော စီးပွားရေး (ကျွန်း) စိုက်ခင်း ၁၁၉ ဧကတို့၏ ရှင်သန်အောင်မြင်မှုကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သောင်းနိုင်ဦးသည် ယမန်နေ့က သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ မိတ္ထီလာမြို့နယ်၌ ကျင်းပခဲ့သည့် ၂၀၂၆ ခုနှစ် မိုးရာသီ (စတုတ္ထအကြိမ်) တိုင်းဒေသကြီး အဆင့် သစ်ပင်စိုက်ပျိုးပွဲနှင့် ၂၀၂၅ ခုနှစ် မိုးရာသီ နိုင်ငံတော် အဆင့် သစ်ပင်စိုက်ပျိုးပွဲတို့မှ စိုက်ပင်များ၏ ရှင်သန်ကြီးထွားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် မိတ္ထီလာခရိုင် အတွင်း စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများအထူးအလေးထားဆောင်ရွက်ရန်၊ ပူပြင်းခြောက်သွေ့ရာသီတွင် တောမီးနှင့်အခြားမီးလောင်ကျွမ်းမှုကြောင့် ဖြစ်ပေါ်စေနိုင်သည့် ဒေသတွင်း Fire hotspot ဖြစ်ပေါ်မှု လျော့ချရေး အလေးထား ဆောင်ရွက်သွားကြရန်မှာကြားသည်။

ဆက်လက်၍ မိတ္ထီလာခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှုးရုံး၌ ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးပြီး အယ်လ်နီညိုလမ်းညွှန်ချက်များနှင့်အညီ သက်ရောက်မှု အနည်းဆုံး ဖြစ်စေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရန်၊ ဝန်ထမ်းများအနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်သွားကြရန်၊ Fire hotspot ဖြစ်ပေါ်မှုများ၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုများနှင့် ပတ်သက်၍လည်း အသိပညာပေး ဟောပြောပွဲများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် ၂၀၂၅ ခုနှစ်မိုးရာသီတွင် သစ်တောဦးစီးဌာနမှ တာဝန်ယူ စိုက်ပျိုးထားသော ရန်ကုန်-မန္တလေး အဖြန့်လမ်းမကြီး (မိုင်တိုင်အမှတ် ၂၇၆/၄) ရှိ လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေး စိုက်ခင်း ငါးဧကော၊ (မိုင်တိုင်အမှတ် ၂၅၁/၃) တစ်အုပ်တစ်မစိုက်ခင်း ငါးဧကနှင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ တာဝန်ယူစိုက်ပျိုးထားသော လမ်းဘေးဝဲယာ စိုက်ခင်း ၅၄၅ ပင် ရှင်သန်အောင်မြင်မှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မြိတ်မြို့နယ်၌ ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်လျက်ရှိ

မြိတ် အောက်တိုဘာ ၂၁

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်အတွင်းရှိ စလွန်း-တောင်ဖီလာလမ်းနှင့် တောင်ကြီး-တောင်ဖီလာလမ်းတို့တွင် ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်လျက်ရှိပြီး တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် လုပ်ငန်းဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးသည်။

ကွန်ကရစ်လမ်းခင်း ဆောင်ရွက်လျက်ရှိသည့် ကျေးရွာချင်းဆက် စလွန်း-တောင်ဖီလာလမ်း (၁/၆) မိုင်ရှိသည့်အနက် (၀/၂)မိုင်အား အကျယ် ၁၂ ပေနှင့် ထု ၇ လက်မ ကွန်ကရစ်လမ်းကို တိုင်းဒေသကြီး ရန်ပုံငွေဖြင့် Myo United Co.Ltd က တာဝန်ယူဆောင်ရွက်လျက်ရှိပြီး တောင်ကြီး-တောင်ဖီလာလမ်း (၁/၀)မိုင်ရှိသည့်အနက် (၀/၃)မိုင်အား အကျယ် ၁၂ ပေနှင့် ထု ၇ လက်မ ကွန်ကရစ်လမ်းကို တိုင်းဒေသကြီး ရန်ပုံငွေဖြင့် အောင်မေဇော်သွမ်းကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကွန်ကရစ်လမ်း ဆောင်ရွက်နေမှုကို မြိတ်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)၊ တာဝန်ရှိသူများနှင့် အရည်အသွေးစစ်ဆေးရေး အဖွဲ့ဝင်တို့က ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)



မြဝတီမြို့၌ မြို့နယ်သမဝါယမအသင်းစုလီမိတက် နှစ်ပတ်လည် အစည်းအဝေး ကျင်းပ

မြဝတီ အောက်တိုဘာ ၂၁

ကရင်ပြည်နယ် မြဝတီမြို့၌ မြို့နယ်သမဝါယမအသင်းစုလီမိတက်၏ (၂၀၂၅/၂၀၂၆)ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် ပြည်နယ်အဆင့်ဖွဲ့စည်းရေးကော်မတီ ရွေးချယ်တင်မြှောက်ပွဲကို မြဝတီမြို့ အမှတ်(၅) ရပ်ကွက်ရှိ "မြ" ဝန်ဆောင်မှုနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းခန်းမ၌ အောက်တိုဘာ ၂၁ ရက်တွင် ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိ အသင်း၌ဥက္ကဋ္ဌ ဦးစိန်သောင်းနှင့် ကရင်ပြည်နယ် သမဝါယမဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဒေါ်အေးပွင့်တို့က အမှာစကားပြောကြားပြီး အသင်း၏ (၂၀၂၅/၂၀၂၆) ခုနှစ်အတွက် ဒါရိုက်တာအဖွဲ့အစီရင်ခံစာ၊ အသင်းသားစာရင်းစစ်အဖွဲ့အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများ၊ ရှေ့လုပ်ငန်းစဉ်များကို ဒါရိုက်တာအဖွဲ့ဝင်များက ဖတ်ကြားတင်သွင်းပြီး တက်ရောက်လာသော အသင်းဝင်များ၏ ဆန္ဒရယူကာ သဘာပတိက အတည်ပြုကြေငြာ၍ (၂၀၂၅/၂၀၂၆) ခုနှစ်အတွက် အသင်းဝင်ဝေစုများအား ပေးအပ်ခဲ့သည်။

ဆက်လက်၍ ဒါရိုက်တာအဖွဲ့သစ်နှင့် အသင်းသားစာရင်းစစ်အဖွဲ့သစ်များ ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။

ဆောင်းနှင်းဖြူ (ပြန်/ဆက်)



ကျောက်ပန်းတောင်းမြို့နယ်၌ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး



ကျောက်ပန်းတောင်း အောက်တိုဘာ ၂၁

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး ပညာပေးခြင်းများကို ယနေ့နံနက်ပိုင်းက မြို့ပေါ်ရှိ စက်သုံးဆီအရောင်းဆိုင်များအား ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

မြို့နယ်မီးသတ်ဦးစီးအရာရှိဦးသန်းမြင့် ဦးဆောင်သည့် တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၁၉ ရက်မှ ၂၁ ရက်အထိ စက်သုံးဆီအရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေးလျက်ရှိရာ ယနေ့တွင် မြို့ပေါ်ရှိ စက်သုံးဆီအရောင်းဆိုင် ငါးဆိုင်အား လိုအပ်သည့် မီးဘေးလုံခြုံရေးကိစ္စရပ်များကို မြို့နယ်မီးသတ်အရာရှိက အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

နေအောင်(ပြန်/ဆက်)

လူမှုရေးပင်စင်အစီအစဉ်နှင့် စပ်လျဉ်းပြီး အသိပေးနှိုးဆော်ခြင်း

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် လူမှုရေးပင်စင်အစီအစဉ်၌ အကျိုးခံစားခွင့်ရှိသူများအား ထောက်ပံ့ရန် သုံးလပတ် ၂ ကြိမ် (၆)လစာ ရန်ပုံငွေ ရရှိခဲ့ပြီး အကျိုးခံစားခွင့်ရှိသူများအား အကျိုးခံစားခွင့်လအလိုက် သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်များမှတစ်ဆင့် ၁၅-၁၀-၂၀၂၆ ရက်မှ ၆-၁-၂၀၂၇ ရက်အထိ အကျိုးခံစားခွင့်ရှိသူကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်များမှ နိုင်ငံသားအသိအမှတ်ပြုကတ်ပြား (မူရင်း)များ ယူဆောင်ပြီး သွားရောက်ထုတ်ယူနိုင်ပါကြောင်းနှင့် Mobile Pay နည်းလမ်းဖြင့် ထောက်ပံ့ကြေးများကို ၂၈-၁၀-၂၀၂၆ ရက်မှစ၍ အကျိုးခံစားခွင့်ရှိသူများမှ ပေးထားသည့် ဖုန်းနံပါတ်များသို့ ထောက်ပံ့ငွေများ လွှဲပြောင်းသွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။ သိရှိလိုသည်များကို ကယား(၀၉-၆၆၅၈၁၂၄)၊ ကရင်(၀၉-၇၇၅၄၂၇၄)၊ ချင်း(၀၉-၄၅၃၁၀၁၉၈၃)၊ စစ်ကိုင်း(၀၉-၄၃၁၇၂၀၆)၊ တနင်္သာရီ (၀၉-၂၅၂၀၆၉၀၀၂)၊ နေပြည်တော်(၀၉-၂၅၁၀၇၉၄၆)၊ ပဲခူး(၀၉-၅၀၃၇၃၄၄)၊ မကွေး(၀၉-၂၅၁၃၁၁၃၅)၊ မန္တလေး(၀၉-၇၉၇၄၂၁၄၂)၊ မွန်(၀၉-၂၆၀၇၄၃၀၃)၊ ရခိုင်(၀၉-၄၂၁၀၆၈၄၅၅)၊ ရန်ကုန်(၀၉-၄၀၂၈၁၇၀၆)၊ ရှမ်း(၀၉-၃၆၀၈၃၆၄)၊ ဧရာဝတီ(၀၉-၇၈၂၅၇၈၄၆)၊ လူမှုဝန်ထမ်းဦးစီးဌာန၏ Help Line ဖုန်းနံပါတ် 1566 နှင့် ၀၉-၈၈၉၉၀၀၀၃၃ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

MCCT အစီအစဉ်နှင့် စပ်လျဉ်းပြီး အသိပေးနှိုးဆော်ခြင်း

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် MCCT အစီအစဉ်၌ အကျိုးခံစားခွင့်ရှိသူများအား ထောက်ပံ့ရန် သုံးလပတ် ၂ ကြိမ် (၆)လစာ ရန်ပုံငွေ ရရှိခဲ့ပြီး အကျိုးခံစားခွင့်ရှိသူများအား အကျိုးခံစားခွင့်လ အလိုက် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး (နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ)၊ ရှမ်းပြည်နယ် နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ MCCT အစီအစဉ်တွင် အကျိုးခံစားခွင့်ရှိသူများအနေဖြင့် သက်ဆိုင်ရာမြန်မာ့စီးပွားရေးဘဏ်များမှတစ်ဆင့် ၁၅-၁၀-၂၀၂၆ ရက်မှ ၆-၁-၂၀၂၇ ရက်အထိ အကျိုးခံစားခွင့်ရှိသူကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်များမှ နိုင်ငံသားအသိအမှတ်ပြု ကတ်ပြား(မူရင်း)များ ယူဆောင်ပြီး သွားရောက် ထုတ်ယူနိုင်ပါကြောင်းနှင့် Mobile Pay နည်းလမ်းဖြင့် ထောက်ပံ့ကြေးများကို ၂၈-၁၀-၂၀၂၆ ရက်မှစ၍ အကျိုးခံစားခွင့်ရှိသူများမှ ပေးထားသည့် ဖုန်းနံပါတ်များသို့ ထောက်ပံ့ငွေများ လွှဲပြောင်းသွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။ သိရှိလိုသည်များကို ကယား(၀၉-၆၆၅၈၁၂၄)၊ ကရင်(၀၉-၄၂၅၀၀၃၇၄)၊ ချင်း(၀၉-၄၅၃၁၀၁၉၈၃)၊ စစ်ကိုင်း(၀၉-၂၅၁၀၇၃၆၅)၊ ရခိုင်(၀၉-၂၅၁၀၉၉၉၀၀)၊ ရှမ်း(၀၉-၃၆၀၈၃၆၄)၊ ဧရာဝတီ(၀၉-၇၈၂၅၇၈၄၆)၊ လူမှုဝန်ထမ်းဦးစီးဌာန၏ Help Line ဖုန်းနံပါတ် 1566 နှင့် ၀၉-၈၈၉၉၀၀၀၃၃ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

တောင်ကြီးမြို့၌ ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

တောင်ကြီး အောက်တိုဘာ ၂၁

၂၀၂၆ ခုနှစ် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ စံစံထွန်းပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ရှမ်းပြည်နယ်အတွင်း ဆောင်ရွက်နေသည့် မျက်မမြင် ပပျောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှု၊ မျက်စိရောဂါနှင့် ပတ်သက်သည့် ကျန်းမာရေးဆိုင်ရာများကို ရှင်းလင်းဆွေးနွေးသည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ခန်းမအတွင်း ခင်းကျင်းပြသထားသော ပြခန်းများကို ကြည့်ရှုအားပေးပြီး မျက်စိခွဲစိတ်လူနာများအား မျက်မှန်များ တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

မကွေးတိုင်းဒေသကြီး အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ မှတ်ပုံတင်စိစစ်ဆုံးဖြတ်ရေးကော်မတီ အစည်းအဝေးကျင်းပ

မကွေး အောက်တိုဘာ ၂၁

တိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက ကြီးမျူးကျင်းပသည့် အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းများ မှတ်ပုံတင်စိစစ်ဆုံးဖြတ်ရေးကော်မတီ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက အဆိုပါ တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ မကွေး တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်း ဆက်သွယ်ရေး ဝန်ကြီးဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် မကွေး တိုင်းဒေသကြီး အိမ်တွင်းစက်မှု လက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေး ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက မိမိတို့တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် ဝင်ငွေတိုးစီမံကိန်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာ ဌာနတာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် တိုင်းဒေသကြီးအဆင့် လုပ်ငန်း မှတ်ပုံတင်စိစစ်ဆုံးဖြတ်ရေးကော်မတီဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အစည်းအဝေးတွင် တင်ပြလျှောက်ထားလာသော ဝင်ငွေတိုးလုပ်ငန်းရှင် ၃၅ ဦး၊ ပြင်ပလုပ်ငန်းရှင် ၁၃၅ ဦး စုစုပေါင်း ၁၇၀ ၏ အချက်အလက်များကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ အထောက်အထားအချက်အလက် ပြည့်စုံမှန်ကန်မှု ရှိ/မရှိ စိစစ်၍ လုပ်ငန်းမှတ်ပုံတင် ခွင့်ပြုချထားပေးနိုင်ရေး အတည်ပြုဆုံးဖြတ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ကန့်ကြီးထောင့်မြို့နယ်၌ ဝက်သက်၊ ဂျုံက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံ



ကန့်ကြီးထောင့် အောက်တိုဘာ ၂၁

ဧရာဝတီတိုင်းဒေသကြီး ကန့်ကြီးထောင့်မြို့နယ်၌ ဝက်သက်၊ ဂျုံက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းကို အောက်တိုဘာ ၁၉ ရက်က ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ထိုသို့ထိုးနှံရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်က အမှာစကားပြောကြားပြီး ကန့်ကြီးထောင့်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိက ဝက်သက်၊ ဂျုံက်သိုးရောဂါ ကာကွယ်ဆေးထိုးနှံခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ကျော်ဇင်စိုး (ပြန်/ဆက်)

ကျိုင်းတုံမြို့ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်းမှ သင်တန်းသားများ စာပေဖတ်ရှုနိုင်ရေး ဆောင်ရွက်ပေး

ကျိုင်းတုံ အောက်တိုဘာ ၂၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ပြန်လည်ထူထောင်ရေး ဦးစီးဌာန ပြန်လည်ထူထောင်ရေးစခန်းမှ သင်တန်းသားများ အသိပညာဗဟုသုတများ ရရှိစေရန်အတွက် ရွှေလျားစာကြည့်တိုက်စနစ်ဖြင့် စာအုပ်၊ စာစောင်များ အခမဲ့ငှားရမ်းပေးခြင်းကို အောက်တိုဘာ ၂၁ ရက်က ကျိုင်းတုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ကျိုင်းတုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများက မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (ကျိုင်းတုံ)မှ မူးယစ်ဆေးဖြတ်ပြီးသူ သင်တန်းသားများအား သုတ၊ ရသ စာအုပ် ၁၅၀ ကို အခမဲ့ကွင်းဆင်းငှားရမ်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)



ဗိုလ်တထောင်မြို့နယ် အမှတ်(၃)ရပ်ကွက်အတွင်းရှိ ဓာတ်ဆီဆိုင် တစ်ဆိုင်၌ ဝန်ထမ်းများအား တာမွေမြို့နယ် မီးသတ်စခန်းမှ ဒုတိယ မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းလင်းနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက အောက်တိုဘာ ၂၀ ရက်တွင် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး လက်တွေ့သင်ကြားပေးစဉ်။

အာကာ



ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

လဲချားမြို့နယ် ဟိုပုံကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်နေသည့် တရုတ်နိုင်ငံသား သုံးဦးအား ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၂၁

နိုင်ငံတော်အစိုးရအနေဖြင့် ဒေသတွင်း ပြည်သူလူထုကိုသာမက ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုစီးပွားဘဝများကို ထိခိုက် ပျက်စီးအောင် အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု ကျူးလွန်သူများအား ရှာဖွေဖော်ထုတ်တားဆီး ကာကွယ်ခြင်းများကို အမျိုးသားရေးတာဝန်တစ်ရပ် အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိသည့် အပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ် ညှိနှိုင်း၍ထိထိရောက်ရောက်ရှာဖွေဖော်ထုတ်ဖမ်းဆီး အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လဲချားမြို့နယ်အတွင်း အွန်လိုင်း လိမ်လည်လောင်းကစားလုပ်ငန်းများ လုပ်ကိုင်နေ ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင် သော ပူးပေါင်းအဖွဲ့များက စုံစမ်းရှာဖွေဖော်ထုတ်မှု များဆောင်ရွက်ခဲ့ရာ ယနေ့နံနက် ၁၀ နာရီ ၄၀ မိနစ်ခန့်တွင် လဲချားမြို့၏ အရှေ့တောင်ဘက် မိတာ ၃၀၀၀၀ ခန့်အကွာ ဟိုပုံကျေးရွာအနီး၌ အွန်လိုင်း လိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြု သည့်အလျား ၃၀ ပေ၊ အနံ ၁၅ ပေရှိ ယာယီအလုပ်ရုံတဲ ၁ လုံး၊ အလျား ၄၀ ပေ အနံ ၁၅ ပေရှိ ယာယီလူနေ တဲကြီး ၁ လုံး၊ အလျား ၂၀ ပေ အနံ ၁၅ ပေရှိ ယာယီ လူနေတဲ(အသေး) ၁ လုံးနှင့် ယာယီထမင်းချက်ဆောင် ၁ လုံး၊ Star Link ၃ လုံး၊ Laptop ၈ လုံး၊ Power Station ၄ လုံး၊ ဖုန်းမျိုးစုံ ၂၀ လုံး၊ Network လိုင်းခွဲစက် ၇ လုံး၊ Network Router ၃ လုံး၊ မီးစက်(အကြီး) ၁ လုံး၊ ပလတ်စတစ်ထိုင်ခုံ ၃၀ လုံး၊ ခေါက်စားပွဲ ၄ လုံးနှင့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အဆိုပါနေရာတစ်ဝိုက်အား ဆက်လက်ရှင်းလင်းရာ တရုတ်နိုင်ငံသား အမျိုးသား သုံးဦးတို့အား ထပ်မံဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါအွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ် သည့်စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲ ဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများ နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေး နှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိ စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်း နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက် လျက်ရှိကြောင်း သတင်းရရှိသည်။ ၁၀၀



ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လဲချားမြို့နယ်၊ ဟိုပုံကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုပြပုံ။





လဲချားမြို့နယ်၊ ဟိုပုံကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင်အသုံးပြုသည့် လုပ်ငန်းသုံးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိမှု။



လဲချားမြို့နယ်၊ ဟိုပုံကျေးရွာအနီး၌ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ခဲ့သည့် တရုတ်နိုင်ငံသား အမျိုးသား သုံးဦး အား ဖမ်းဆီးရမိစဉ်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၁

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်း လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အလေး ထား ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည် လောင်းကစား မှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေ အတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည် လောင်းကစား မှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်း မရှိစေရန် အဆိုပါအဆောက်အအုံ များအား အပြီးတိုင်ဖြိုချဖျက်ဆီး ခြင်းများကို စနစ်တကျဆောင်ရွက် လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်း အတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့ သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများ အနက် ယာဉ်ယန္တရားများ အသုံး ပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ် အဆောက်အအုံတစ်လုံးမှာ ယနေ့အထိ ၆၀ ရာခိုင်နှုန်း ဖြိုချ ဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရ သည်။

ဖြိုချဖျက်ဆီး

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်း အတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီး မည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၄ လုံးနှင့် လူနေ အိမ်များနှင့် မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာ ချင်း ဖြိုချဖျက်ဆီးမည့် အဆောက် အအုံ ၃၄ လုံးဟူ၍ အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြား သတ်မှတ်ထားပြီး စနစ်တကျ ဖြိုချ ဖျက်ဆီးခြင်းများကို ဆောင်ရွက် လျက်ရှိရာ ဖောက်ခွဲ၍ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ် ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် ၂ လုံး တို့အား ဖြိုချဖျက်ဆီးပြီးဖြစ် ကြောင်းနှင့် ဖြိုချဖျက်ဆီးရန် ကျန်ရှိသည့် အဆောက်အအုံ ၅၇ လုံးကိုလည်း ဆက်လက်၍ စနစ် တကျ ဖြိုချဖျက်ဆီးသွားမည် ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွား နယ်ပယ်နှင့် အမျိုးသားလုံခြုံရေး ကိုခြိမ်းခြောက်လာသည့် အွန်လိုင်း လိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပပျောက် စေရေးအတွက် အိမ်နီးချင်းနိုင်ငံ များ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင်လုံးဝ ပပျောက်သွားစေရေး အထူး အလေးထား နိမ့်နင်းဆောင်ရွက် လျက်ရှိကြောင်း သတင်းရရှိ သည်။ ၁၀၀



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်း လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် အဆောက်အအုံများအား စနစ်တကျ ဆက်လက် ဖြိုချဖျက်ဆီးမှု။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်း လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ၅ ထပ် အဆောက် အအုံအား စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးမှု။

သဲကုန်းမြို့နယ်၌ တောင်သူနည်းပညာပေးဟောပြော

သဲကုန်း အောက်တိုဘာ ၂၁

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနက ကြက်သွန်နီတိုးချဲ့စိုက်ပျိုးရေးနှင့် ပန်းတိုင် အထွက်နှုန်းရရှိရေး နည်းပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် သဲကုန်းမြို့နယ် ပေပင်သာ ကျေးရွာ၌ ဆောင်ရွက်သည်။

အဆိုပါအသိပညာပေးဆွေးနွေးပွဲတွင် စိုက်ပျိုး ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက ကြက်သွန်နီ စိုက်ပျိုး ချိန်နှင့် စိုက်နည်းစနစ်များ မှန်ကန်စွာစိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ထုတ်လုပ်မှုကုန်ကျ စရိတ်လျော့ချရေးနှင့် ထွက်ရှိလာသော ကြက်သွန်နီ များ ဈေးကွက်သို့အချိန်မီ တင်ပို့ရောင်းချနိုင်ရေး၊ တောင်သူများ၏ ဝင်ငွေတိုးတက်စေရေးနှင့် ပန်းတိုင် အထွက်နှုန်း ပြည့်မီကျော်လွန်ရေးအတွက် လိုအပ်သည့် စိုက်ပျိုးရေးနည်းလမ်းများကို အသိပညာပေးဆွေးနွေး ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံ တိုင်ကြားနိုင်ပါကြောင်း ပြည်သူသို့ အသိပေးခြင်း

၁။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် နိုင်ငံသားများ၏ လူ့အခွင့်အရေးဖောက်ဖျက်ခံရမှုများနှင့်စပ်လျဉ်းသည့် တိုင်တန်းချက်များကို စုံစမ်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိရာ နိုင်ငံသားတစ်ဦးဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် ဥပဒေပါအခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါ အခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေး၊ ကလေးသူငယ်အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး ဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်က လက်ခံထားသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ်များတွင်ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက မိမိကိုယ်တိုင်နှင့် အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကို ကိုယ်စားပြု၍သော်လည်းကောင်း **မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေ ပုဒ်မ ၃၀** အရ ကော်မရှင်သို့ တိုင်ကြားနိုင်ပါသည်။

၂။ တိုင်ကြားမှုကို **ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ်(၂၇)၊ (၆) မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့**နှင့် နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့များရှိ ကော်မရှင်ရုံးခွဲများသို့ လိပ်မူ၍ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ ဖက်စ်နံပါတ် ၀၁၈-၆၅၄၆၇၈ သို့ဖြစ်စေ၊ e-mail လိပ်စာ info@mnhrc.org.mm သို့ဖြစ်စေ အောက်ပါအချက်များ(အားလုံး) ပြည့်စုံစွာ ဖော်ပြတိုင်ကြားနိုင်ပါသည်–

(က) တိုင်ကြားသူ၏ အမည်၊ အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံ၊ (ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်ကြားသူသည် မည်ကဲ့သို့ လူ့အခွင့်အရေး ဖောက်ဖျက်ခံရပြီး နစ်နာဆုံးရှုံးကြောင်း ပြည့်စုံစွာဖော်ပြချက်၊ လိုအပ်ပါက မှတ်တမ်းဓာတ်ပုံနှင့် အထောက်အထားမိတ္တူများ ပူးတွဲလျက်ပေးပို့ရန်၊

(ဂ) တိုင်ကြားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ မဖြစ်မနေ ပူးတွဲပေးပို့ရန်၊

(ဃ) တိုင်ကြားချက်ပါ အကြောင်းအရာများ မှန်ကန်ကြောင်း တိုင်ကြားသူမှ လက်မှတ်ရေးထိုးပေးပို့ရန်။

၃။ ကော်မရှင်သည် တိုင်တန်းချက်များနှင့်စပ်လျဉ်း၍ စိစစ်ပြီး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေအရ တရားရုံးတစ်ခုခု၏ ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲအမှုများ၊ အယူခံမှု သို့မဟုတ် ပြင်ဆင်မှု ဝင်ရောက်ဆဲအမှုများနှင့် အပြီးသတ်စီရင်ဆုံးဖြတ်ပြီးသော အမှုများမှအပ ကော်မရှင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ကာတွန်း



မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ ဆင်ခြေလျှောမြေသားနိမ့်ကျမှုအား ပြုပြင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ အရေးပေါ်ရေပို့လွှဲမှ ဆည်ရေများ လျှော့ချလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၁

ဧရာဝတီ တိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံသည် အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းတွင် ရေလှောင်တမံ၏ တမံပေါင်နိမ့်ကျမှုကြောင့် အရေးပေါ် ရေပို့လွှဲမှဆည်ရေများ လျှော့ချလျက်ရှိပြီး ရေလှောင်တမံ၏ ဆင်ခြေလျှောနိမ့်ကျမှုအား ပြန်လည် ပြုပြင်ခြင်းများကို ဆက်လက် ဆောင်ရွက်လျက်ရှိသည်။



တမံ၏ အထက်ရေပြင်နှင့် ထိစပ်အပိုင်းမှစ၍ တမံလျော့အိကျနေရာ တစ်လျှောက်တွင် မိုးရေစိုခြင်း၊ နေပူဒဏ်နှင့်ရေလှိုင်းရိုက်ခတ်ခြင်းဒဏ် မခံရစေရန် အတွက် မိုးရေကာဖျင်များ စနစ်တကျအုပ်မိုးကာကွယ်ခြင်း၊ တမံလျော့အိကျမှုအား ကာကွယ်ထိန်းသိမ်းရန်နှင့် တမံအောက်ခြေ ဆင်ခြေလျှော၏ အပြင်ဘက်မှ တမံတာအောက်ခြေအား ပိုမိုခိုင်မာတောင့်တင်းမှုရှိစေရန် မြေသားတမံပုံစံ ဆောင်ရွက်ခြင်းတို့ကို အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ပူးပေါင်းကာ စက်ယန္တရားများ အသုံးပြု၍ ယနေ့တွင် အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် သို့လှောင်ထိန်းသိမ်းထားရှိသည့် မမြရေလှောင်တမံ ရေပြင်၏ နိမ့်မြင့်အမှတ် ၃၁၅ ပေမှ သို့လှောင်ရေ လျှော့ချနိုင်ရန် တမံ၏ အရေးပေါ် ရေပို့လွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ ယနေ့ အောက်တိုဘာ ၂၁ ရက်နေ့ ညနေ ပိုင်းတွင် တမံရှိရေ ၃၀၁ ဒသမ ၆ ပေသာ ကျန်ရှိတော့သဖြင့် ၃၃ ဒသမ ၄ ပေခန့် ရေထုတ်လွှတ် လျှော့ချပြီးဖြစ်ကြောင်း သတင်း ရရှိသည်။ ၁၀၀

သနပ်ပင်မြို့နယ်၌ ဆောင်းဆီထွက်သီးနှံပဲပုပ် တိုးချဲ့စိုက်ပျိုးရေး ဆွေးနွေး

သနပ်ပင် အောက်တိုဘာ ၂၁

ပဲနူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများအား အယ်လ်နီညို ဖြစ်ပေါ်မှုကြောင့် စိုက်ပျိုးထုတ်ကုန် ထုတ်လုပ်မှုကဏ္ဍအပေါ် သက်ရောက်မှုများအား ကြိုတင်ကာကွယ်နိုင်ရန်နှင့် ဆောင်းဆီထွက်သီးနှံပဲပုပ် စိုက်ပျိုးရေး ပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၁၉ ရက်က ထာဝရမိဘမေတ္တာဆန်စက်ဂိုဒေါင်၌ ဆောင်ရွက်သည်။

ဦးစွာ ပဲနူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးက အမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူးက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စိုက်ပျိုးရေး သောက်သုံးရေပြေတ်လပ်မှုမရှိစေရေး ပြောကြားကာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ပဲပုပ်မျိုးစေ့များ ပေးအပ်ခဲ့သည်။ ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ဆောင်းဆီထွက်သီးနှံပဲပုပ် တိုးချဲ့စိုက်ပျိုးရေးနှင့် အယ်လ်နီညိုရာသီဥတုကြောင့် ဆန့်စပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ အထွက်နှုန်းကျဆင်းမှုမရှိစေရန်၊ အပူဒဏ်အန္တရာယ်သက်ရောက်နိုင်မှုများအား ကာကွယ်နိုင်ရန်၊ ဖြစ်ပွားခဲ့ပြီးတွင် လုပ်ကိုင်ဆောင်ရွက်ရန်နှင့် ဆောင်ရန်၊ ရှောင်ရန်အချက်များကို အသိပညာပေး ဟောပြောသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်အတွင်းရှိ ပဲပုပ်သီးနှံဖိုက်တောင်သူ ၃၀၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ညီပြာ(ပြန်/ဆက်)





ပဲနူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် မီးသတ်ဦးစီးမှူးကွပ်ကဲမှု အောက် ညောင်ခြေထောက်နယ်မြေရှိ ရဲစခန်းဝင်းအတွင်း၌ ဌာနဆိုင်ရာ ရုံးအဆောက်အအုံများနှင့် ဝန်ထမ်းမိသားစုအိမ်ရာများတွင် မီးဘေးလုံခြုံရေးအတွက် စစ်ဆေးအကြံပေးခြင်း၊ ဝန်ထမ်းများနှင့် မိသားစုဝင်များအား DCP မီးသတ်ဆေးဘူးဖြင့် လက်တွေ့သရုပ်ပြသခြင်းနှင့် မီးသတ်ယာဉ်ဖြင့် ရေစိုဇာတ်တိုက်လေ့ကျင့်ခြင်းများကို အောက်တိုဘာ ၂၁ ရက်က ကွင်းဆင်းဆောင်ရွက်စဉ်။

ခင်ခင်မာ(ပြန်/ဆက်)

အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုများ ဝင်ငွေတိုးရေးစီမံကိန်းဖြင့် သင်တန်းများဖွင့်လှစ်

မြစ်ကြီးနား အောက်တိုဘာ ၂၁


ကချင်ပြည်နယ် အစိုးရအဖွဲ့အစီအစဉ်ဖြင့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုများ ဝင်ငွေတိုးရေးစီမံကိန်းဖြင့် သင်တန်းများဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ပြည်နယ်အသေးစားစက်မှုလက်မှုစီးဌာနရုံး လေ့ကျင့်ပျိုးထောင်ရေးခန်းမ၌ ကျင်းပသည်။



သင်တန်းဖွင့်ပွဲတွင် ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်က အမှာစကားပြောကြားပြီး ပြည်နယ် ဝန်ကြီးများနှင့်အတူ စီမံကိန်းဖြင့် ပလနကျေးရွာ၊ တပ်ကုန်းရပ်ကွက်၊ လယ်ကုန်း ရပ်ကွက်တို့အတွက် အမျိုးသမီးများ ဝင်ငွေတိုးတက်ရေး ဖွင့်လှစ်ပေးသွားမည့် အခြေခံနှင့် မွမ်းမံစက်ချုပ်သင်တန်းသုံးကြိမ်နှင့် လူငယ်များ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ရေး ဖွင့်လှစ်ပေးသွားမည့် ဆိုင်ကယ်ပြင်သင်တန်း တစ်ကြိမ်တို့အတွက် ချီးမြှင့်ငွေကျပ်သိန်း ၁၀၀ နှင့် သင်ထောက်ကူပစ္စည်းများ၊ စာရေးကိရိယာများနှင့် လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းများကို သင်တန်းအလိုက် ပေးအပ်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ၂၀၂၆ ခုနှစ် ကချင်ရိုးရာ ကောက်သစ်စားပွဲတော်အား ရိုးရာအစဉ်အလာနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးဆောင်၍ ခရိုင်ရုံးဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ရုံးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက အောက်တိုဘာ ၂၁ ရက်တွင် စုပေါင်းသန့်ရှင်းရေးပြုလုပ်စဉ်။

ခင်ဝင်း(ပြန်/ဆက်)

ပိုင်းမော်မြို့၌ အသိပညာပေးဟောပြောပွဲနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ့

ပိုင်းမော် အောက်တိုဘာ ၂၁

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ပိုင်းမော်မြို့နယ်၌ အယ်လ်နီညို အကြောင်း အသိပညာပေးဟောပြောပွဲနှင့် အသက် ၅၀ နှစ်နှင့်အထက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ့ပေးခြင်းကို အောက်တိုဘာ ၁၉ ရက် မွန်းလွဲပိုင်းက ခတ်ချိကျေးရွာ ဗောဓိကုန်းကျောင်းတိုက်တွင် ကျင်းပသည်။

ဦးစွာ ပိုင်းမော်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး ဦးစော်ထွန်းတင်က အယ်လ်နီညိုဖြစ်စဉ် ဖြစ်ပွားနေသည့် အခြေအနေများ၊ ပူပြင်းသော နေ့အပူချိန်အတွင်း ဆောင်ရန် / ရှောင်ရန်များ၊ အယ်လ်နီညိုကြောင့် ဖြစ်ပွားတတ်သော ရောဂါလက္ခဏာများ၊ နေ့ပူပြင်းသော နေ့ရက်များတွင် သက်ဆိုင်ရာ အပူရှောင်စခန်းများ၌ အသက်ကြီးသူများ သွားရောက်နေထိုင်သင့်ကြောင်းနှင့် သန့်(၄)သန့် ကျန်းမာရေးအကြောင်း အသိပညာပေးဟောပြောသည်။

ဆက်လက်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်း ဆောင်ရွက်ရာ အသက် ၅၀ နှစ်နှင့်အထက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ကျေးရွာနေပြည်သူ ၁၈၀ တို့အား ထိုးနှံပေးခဲ့ကြောင်း သိရသည်။

အဆီး(ပြန်/ဆက်)

မာန်အောင်မြို့နယ် တောထူကျေးရွာရှိ စိုက်ပျိုးတောင်သူများအား နေကြာမျိုးစေ့နှင့် ပိုက်ဆံလျော့်မျိုးစေ့များ ပေးအပ်

စစ်တွေ အောက်တိုဘာ ၂၁

မာန်အောင်မြို့နယ် ဒိုးတန်းကျေးရွာ ကျေးလက်ကျန်းမာရေးဆေးပေးခန်းတွင် ကျေးလက်နေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေခံပညာ အလယ်တန်းကျောင်း (ကအီး)၊ အခြေခံပညာမူလတန်းကျောင်း (ကျီးညို)၊ အခြေခံပညာမူလတန်းကျောင်း (လက်မဲပြင်)၊ အခြေခံပညာ မူလတန်းလွန်ကျောင်း(ဒိုးတန်း)၊ အခြေခံပညာအထက်တန်းကျောင်း (ဆင်နားချောင်)တို့တွင် ကျောင်းဆောင်သစ်များ ဆောက်လုပ်နိုင်ရေး၊ ကျောင်းဆောင်များ ကောင်းမွန်စေရေး၊ ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးနှင့် ရေရရှိရေးတို့ကို အောက်တိုဘာ ၁၉ ရက်က ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးက ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။



ထို့ပြင် ကျွန်းရွာကျေးရွာ၌ ပေါ်ဆန်းစပါးစိုက်ခင်း ဖြစ်ထွန်းအောင်မြင်နေမှုနှင့် တောထူကျေးရွာတွင် စံပြမိုးစပါးစိုက်ခင်း ဖြစ်ထွန်း အောင်မြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တောထူကျေးရွာရှိ စိုက်ပျိုးတောင်သူများအား နေကြာမျိုးစေ့နှင့် ပိုက်ဆံလျော့်မျိုးစေ့များ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ငအင်းဟိုတယ် ၌ မာန်အောင်မြို့နယ်မှ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး မာန်အောင်မြို့ အနောက်စုရပ်ကွက် သိမ်ကုန်းလမ်းသွယ်အား အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရေး၊ မြို့မအားကစားကွင်းရှိ အားကစားကွင်းများ ကောင်းမွန်စေရေး၊ သစ်တောဦးစီးဌာန ခြံဝင်းအတွင်း ထီးရိုးဝါး ပျိုးထောင်ထားရှိမှုနှင့် ငအင်းကျေးရွာအနီး ဖြုန်းကျောက် ထုတ်လုပ်မည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

တင်ထွန်း(ပြန်/ဆက်)

ပေါက်ခေါင်းမြို့နယ်၌ ကြက်သွန်နီ တိုးချဲ့စိုက်ပျိုးရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး ဆွေးနွေးပွဲ ပြုလုပ်

ပေါက်ခေါင်း အောက်တိုဘာ ၂၁

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ချောင်းစောက်ကျေးရွာ၌ ကြက်သွန်နီ တိုးချဲ့စိုက်ပျိုးရေး ပန်းတိုင်အထွက်နှုန်းရရှိရေး ဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းလင်းအေးက ကြက်သွန်နီ စိုက်ပျိုးရန် သင့်လျော်သောမြေနေရာများ ရွေးချယ်ခြင်း၊ မျိုးကောင်းမျိုးသန့် သားဥတက်သုံးစွဲရေး၊ စိုက်ပျိုးချိန်နှင့် စိုက်နည်းစနစ်များ မှန်ကန်စွာလိုက်နာခြင်း၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ အချိန်ကိုက် အချိုးကျသုံးစွဲခြင်း၊ ပိုးမွှားရောဂါကာကွယ်ခြင်း၊ ဆီထွက်သီးနှံဖြစ်သော နေကြာနှင့် ပဲပုပ် တိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်ရေးတို့အတွက် လိုအပ်သည့်စိုက်ပျိုးရေးနည်းလမ်းများကို တောင်သူများထံ ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **လောမင်းကို(ပြန်/ဆက်)**



အောက်တိုဘာ ၁၉ ရက်က အလုံမြို့နယ်အတွင်းရှိ ဆင်မင်းစွေး (သိပ္ပံစွေး)၊ အလုံစွေးတို့အား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးရဲကိုကို ဦးဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးဝင်းမြင့်၊ ဒုတိယမီးသတ်ဦးစီးမှူး ဦးထက်မျိုးလှိုင်နှင့် တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေး စစ်ဆေးစဉ်။

သျှင်ဝင်းသျှင်

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂-၁၀-၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ကသာ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၇၀၅	၄၈၆၀	၄၈၁၀	၄၇၂၀	၄၈၆၅	၄၈၈၀	၄၉၁၀	၄၇၉၀	၅၁၆၀	၅၁၀၀	၄၈၁၀	၄၉၆၅	၄၉၀၀	၄၈၆၀	၄၈၇၀	၅၁၀၀
95 Ron	၄၈၇၀	၅၀၀၅	၄၉၉၅	၄၈၆၅	၅၀၀၀	၅၀၂၅	၅၀၄၅	၄၉၃၅	၅၃၀၅	၅၂၀၅	၄၉၉၅	၅၀၁၀	၅၀၀၅	၅၀၀၅	၅၀၀၅	၅၂၄၅
HSD (500 ppm)	၄၄၀၅	၄၆၄၅	၄၅၉၀	၄၅၀၀	၄၆၄၀	၄၆၅၀	၄၆၈၅	၄၅၇၀	-	၄၉၅၀	၄၅၉၀	၅၁၆၀	၄၆၀၅	၄၆၇၅	၄၆၄၅	၄၆၈၅
HSD (50 ppm)	၅၄၄၀	၅၅၉၅	၅၅၄၅	၅၄၅၅	၅၆၀၀	၅၆၁၅	၅၆၆၀	၅၅၂၅	၅၅၉၅	၅၉၂၅	၅၅၄၅	၅၅၄၀	၅၅၁၀	၅၆၁၅	၅၅၉၅	၅၅၉၅
HSD (10 ppm)	၅၄၄၀	၅၅၉၅	၅၅၄၅	၅၄၅၅	၅၆၀၀	၅၆၁၅	၅၆၆၀	၅၅၂၅	၅၅၉၅	၅၉၂၅	၅၅၄၅	၅၅၄၀	၅၅၁၀	၅၆၁၅	၅၅၉၅	၅၅၉၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၄၇၆	၄၅၂၉၉
95 Ron	၄၆၁၆	၄၇၄၂
HSD (500 ppm)	၄၂၇၀	၄၃၉၃၀
HSD (50 ppm)	၅၁၀၀	၅၁၄၂၂
HSD (10 ppm)	၅၁၀၀	၅၁၄၂၂

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများ၀ယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

ဒီလိုဖော်ထုတ်ပေးတဲ့ ပွဲကြီးရှိနေသရွေ့ ကျွန်တော်တို့ရဲ့ မြန်မာ့အဆို၊ အကတွေဟာ မတိမ်ကောတော့ဘူး၊ မပပျောက်တော့ဘူးလို့ ထင်ပါတယ်

ရွှေမန်းချမ်းသာ

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများကို ကျင်းပခဲ့သည်မှာ (၂၇)ကြိမ်မြောက်ရှိခဲ့ပြီဖြစ်ပြီး အောက်တိုဘာ ၂၁ ရက်တွင် (ဇဟိုအဆင့်) သတ်မှတ်နေရာအသီးသီး၌ ယှဉ်ပြိုင်ခဲ့သည့် ကဏ္ဍအလိုက် တာဝန်ယူရသူများနှင့် ပြိုင်ပွဲဝင်များအား တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ရပါသည်–



ဦးတင်ဇော်ထွန်း



ရွှေမန်းချမ်းသာ



မလုလုမိုင်



မောင်ဖိုးဇော်



မောင်ဟိန်းခန့်ဇော်



မောင်စွမ်းထက်နိုင်



မချယ်ရီလင်းလွဲ

ဦးတင်ဇော်ထွန်း

လူမှုရေးရာဝန်ကြီး မွန်ပြည်နယ်

အစိုးရအဖွဲ့

ကျွန်တော်တို့ မွန်ပြည်နယ်အနေနဲ့ အခုပြိုင်ပွဲမှာ ပြိုင်ပွဲဝင် ဦးရေ ၂၂၁ ဦးနဲ့ ဘာသာရပ် ၈၅ မျိုး ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပြီး ဇာတ်တော်ကြီးပြိုင်ပွဲလည်း ပါဝင်ပါတယ်။ ယခုပြိုင်ပွဲအတွက် ခရိုင်အဆင့်နဲ့ ပြည်နယ်အဆင့်ပြိုင်ပွဲတွေ ကျင်းပခဲ့တဲ့အခါ ကျောင်းသား ကျောင်းသူလေးတွေကအစ ရွက်ပုန်းသီးမျိုးဆက်သစ်လေးတွေ အများကြီး ထွက်ပေါ်လာတာ တွေ့ရတဲ့အတွက် တကယ်ပဲ အားရကျေနပ်မိပါတယ်။ အခုလို အဆို၊ အက၊ အရေး၊ အတီးဘာသာရပ်တွေဟာ ခက်ခဲနက်နဲတာကြောင့် ပြိုင်ပွဲတွေ ကျင်းပပေးမှသာ ကလေးတွေအနေနဲ့ စိတ်ရောကိုယ်ပါ ကြိုးကြိုးစားစား လေ့ကျင့်ကြပြီး မျိုးဆက်သစ်တွေ မွေးထုတ်ပေးနိုင်မှာဖြစ်သလို မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်တွေကိုလည်း ရေရှည်တည်တံ့အောင် လက်ဆင့်ကမ်း ထိန်းသိမ်းသွားနိုင်မှာဖြစ်ပါတယ်။ နောင်နှစ်တွေမှာလည်း ဘာသာရပ်ပေါင်းစုံပါဝင်ယှဉ်ပြိုင်နိုင်ဖို့အတွက် အခုကတည်းက ကြိုတင်ပြီး သင်တန်းတွေ ဖွင့်လှစ်ကာ လေ့ကျင့်မှုတွေ ဆောင်ရွက်သွားမှာပါ။

ရွှေမန်းချမ်းသာ(အကဲဖြတ်ဒိုင်)

ဒီ (၂၇) ကြိမ်မြောက် ပြိုင်ပွဲမှာ ဒိုင်နေရာကနေ ပါဝင်ထားတာဖြစ်ပါတယ်။ ကျွန်တော် ဝိုလူရ ဇာတ်တော်ကြီးအတွက် အကဲဖြတ်ပေးရမှာဖြစ်ပါတယ်။ ဇာတ်အိမ်ကြီးရဲ့အပေါ်မှာ မူတည်ပြီး အနုပညာရှင်တွေရဲ့ အပိုင်းလိုက် အထူးချွန်ဆုံး အမျိုးသားဆု၊ အမျိုးသမီးဆု၊ ဇာတ်ပို့ဇာတ်ရံဆုတွေ၊ ပြီးတော့ တေးဂီတ၊ ဇာတ်သွန်း၊ ဇာတ်ကွက်တွေနဲ့ ပတ်သက်တာအားလုံးကို သေချာလေ့လာပြီး အကောင်းဆုံးတွေကို ရွေးထုတ်ပေးရမှာ ဖြစ်ပါတယ်။ တကယ်တော့ အင်မတန် ဂုဏ်ယူစရာကောင်းတဲ့ ကျွန်တော်တို့ခေတ်ကတည်းက ရွက်ပုန်းသီးလေးတွေ ပွင့်လန်းခွင့်ရတဲ့ ပွဲသဘင်ကြီး ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ သဘင်ဝါသနာပါပြီး ဝင်တိုးခွင့်မရတဲ့၊ တကယ့်ကို တတ်ကျွမ်းတဲ့၊ တကယ် အနှစ်သာရရှိတဲ့ ပညာရှင်တွေ အများကြီးရှိပါတယ်။ ဒီလိုဖော်ထုတ်ပေးတဲ့ ပွဲကြီးရှိနေသရွေ့ ကျွန်တော်တို့ရဲ့ မြန်မာ့အဆို၊ အကတွေဟာ မတိမ်ကောတော့ဘူး၊ မပပျောက်တော့ဘူးလို့ ထင်ပါတယ်။ ခါတိုင်း ဆိုရင်တော့ ကျွန်တော်တို့ တိုင်းနဲ့ ပြည်နယ်အပြည့်ပဲ လာရောက် ပြိုင်ကြတာပါ။ ဒီအကြိမ်မှာတော့ လမ်းပန်းဆက်သွယ်ရေးနဲ့ ရာသီဥတုဇာတ်တွေကြောင့် ခါတိုင်းထက် လျော့သွားပြီး ငါးတိုင်းပဲ ပြိုင်ခွင့်ရှိပါတယ်။ အဲဒီတော့ ပျောက်ကွယ်သွားမှာ စိုးရိမ်တဲ့အတွက် ဒီလိုပွဲမျိုး အစဉ်သဖြင့် ဆက်လက်ရှိနေဖို့ လိုပါတယ်။

မလုလုမိုင်

ကချင်ပြည်နယ် ကိုယ်စားပြု ပြိုင်ပွဲဝင်

အခုလို ပထမဦးဆုံးအကြိမ် လာရောက်ယှဉ်ပြိုင်တာ ဖြစ်တဲ့အတွက် ကျွန်မခံစားချက်အရ ဆိုရင်တော့ စိတ်အတော်လှုပ်ရှားပါတယ်။ ကျွန်မတို့ တိုင်းရင်းသားရိုးရာအကတွေကို ကပြယှဉ်ပြိုင်ခြင်းအားဖြင့် ရှေးရိုးရာယဉ်ကျေးမှုကိုလည်း ထိန်းသိမ်းရာရောက်ပါတယ်။ ပြီးတော့ အနုပညာရှင်အသစ်တွေလည်း ပိုပြီးတော့ ထွက်ပေါ်လာမယ်လို့ ထင်ပါတယ်။ အခုလို တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက ပြိုင်ပွဲဝင်တွေနဲ့ တွေ့ဆုံခွင့်ရတဲ့အတွက်လည်း အလွန်ဝမ်းသာပျော်ရွှင်မိပါတယ်။ အခုပြိုင်ပွဲမှာ အကောင်းဆုံးဆု ရရှိအောင် ကြိုးစားပြီး ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။

မောင်ဖိုးဇော်

(အဆင့်မြင့်ပညာ၊ အက)

ကျွန်တော်က ချင်းပြည်နယ်ကိုယ်စားပြု ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ အရင်နှစ်တွေက ယှဉ်ပြိုင်ခဲ့ပေမယ့် ဆုတော့ မရရှိခဲ့သေးပါဘူး။ ဒါကြောင့် ဒီနှစ် အတွက်ကို အများကြီးပြင်ဆင် လေ့ကျင့်ခဲ့ပါတယ်။ ဒီလို မြန်မာမှု အကကို မျိုးဆက်သစ်တစ်ဦး အနေနဲ့ ထပ်ဆင့်ထိန်းသိမ်းခွင့် ရတဲ့အတွက် ဝမ်းသာပါတယ်။ ပြိုင်ပွဲကြီးပြုလုပ်ပေးတဲ့ တာဝန်ရှိသူများ အားလုံးကိုလည်း ကျေးဇူးအထူးတင်ပါတယ်။

မောင်ဟိန်းခန့်ဇော်

အဆင့်မြင့်ပညာ အတီး(စန္ဒရား) ပြိုင်ပွဲဝင် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု

စန္ဒရားအတီးပညာကို အသက် ရှစ်နှစ်ခွဲကတည်းက စတင် လေ့လာ သင်ယူဖြစ်ခဲ့တာပါ။ ပြိုင်ပွဲ အတွေ့အကြုံကတော့ (၂၃) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးမှာ တစ်ခါ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးပါတယ်။ အဲဒီတုန်းက တတိယဆု ရရှိခဲ့ပါတယ်။ အခု (၂၇)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်ဖို့ အတွက်ကတော့ တစ်လတိတိ မနားမနေ လေ့ကျင့်ခဲ့ရပါတယ်။ ဝါသနာပါတာရယ်၊ ဆရာတွေရဲ့ အားပေးမှုတွေကြောင့် ဝင်ရောက် ယှဉ်ပြိုင်ဖြစ်ခဲ့တာလည်း ဖြစ်ပါတယ်။ လက်ရှိ ကျွန်တော့်ကို စန္ဒရားပညာသင်ကြားပေးနေတာ ကတော့ ရန်ကုန်ယဉ်ကျေးမှု တက္ကသိုလ်က စန္ဒရားကထိက ဆရာဦးအောင်ဇော်ထွေး ဖြစ်ပါတယ်။ အခုလို အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးတွေ ကျင်းပပေးတာကို ကျေးဇူးတင်ပါတယ်။ ဝါသနာတူတဲ့ ညီအစ်ကို မောင်နှမတွေ အများကြီးလည်း တွေ့ရတယ်။ ယဉ်ကျေးမှုတွေလည်း တစ်ဦးနဲ့တစ်ဦး ဖလှယ်နိုင်တယ်။ မြန်မာ့ရိုးရာယဉ်ကျေးမှုနဲ့ပတ်သက်ပြီး အများကြီး တိုးတက်လာတယ်လို့ မြင်ပါတယ်။ စန္ဒရားပညာရပ်ကို လက်ဆင့်ကမ်း မျှဝေနိုင်မယ့် အနာဂတ် မျိုးဆက်သစ်လူငယ်တွေလည်း အများကြီးဝင်ရောက် ယှဉ်ပြိုင်ကြပါတယ်။ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်ကို ထိန်းသိမ်းဖို့အတွက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွေ နှစ်စဉ် ကျင်းပပေးစေချင်ပါတယ်။

မောင်စွမ်းထက်နိုင်

အခြေခံပညာ (၁၀-၁၅)နှစ်ပြိုင်ပွဲဝင် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု

ကျွန်တော့်အနေနဲ့ ကိုယ့်နိုင်ငံ ကိုယ့်ယဉ်ကျေးမှု အမွေအနှစ်တွေကို ထိန်းသိမ်းရာလည်း ရောက်သလို ကိုယ်စားပြု တိုင်းဒေသကြီး အတွက်လည်း ရွှေတံဆိပ်ဆု ဆွတ်ခူးပေးနိုင် ချင်တဲ့စိတ်နဲ့ ပြိုင်ပွဲမဝင်ခင် ကတည်းက သီချင်းများစွာကို ညဘက်တွေမှာ အိပ်ချိန်တွေ လျော့ပြီး လေ့ကျင့်ခဲ့ပါတယ်။ အဲဒီလို လေ့ကျင့်ခဲ့တဲ့အတွက် ပြဋ္ဌာန်းသီချင်း သုံးပုဒ်လုံးကိုလည်း ပိုင်ပိုင်နိုင်နိုင်ရှိခဲ့ပါတယ်။ (၂၆) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးမှာ အခြေခံပညာ (၁၀-၁၅) ပလွေမှာ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ပါတယ်။ ရွှေတံဆိပ်ဆု ရရှိခဲ့ပါတယ်။ လာမယ့်နှစ် ပြိုင်ပွဲကြီးမှာလည်း ဆက်လက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။

မချယ်ရီလင်းလွဲ

(အခြေခံပညာ ၁၀-၁၅၊ အက)

ကျွန်မက ရှမ်းပြည်နယ်ကို ကိုယ်စားပြုယှဉ်ပြိုင်တာ ဖြစ်ပါတယ်။ ကျွန်မက ဒီနှစ်မှာ ဗဟို အဆင့်မှာ ပထမဆုံးယှဉ်ပြိုင်တာ ဖြစ်ပါတယ်။ အခုယှဉ်ပြိုင်ခဲ့တဲ့ အပေါ်မှာ ကျေနပ်အားရမှုရှိပါတယ်။ ရှမ်းပြည် အေးတဲ့ဘက်က လာတာကြောင့် ဒီဘက်မှာ အပူချိန်ပိုတဲ့အတွက် ကျန်းမာရေးကိုလည်း ပိုဂရုစိုက်ခဲ့ရပါတယ်။

တွေ့ဆုံမေးမြန်းနှင့် ဓာတ်ပုံ - လင်းသူရ



မိတ္ထီလာမြို့နယ်၌ ဝါစိုက်တောင်သူများထံသို့ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေများထုတ်ပေး

မိတ္ထီလာ အောက်တိုဘာ ၂၁

မိတ္ထီလာမြို့နယ်၌ ဝါစိုက်တောင်သူများထံသို့ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ တိုက်ရိုက်ထုတ်ချေးသော ဝါသီးနှံချေးငွေစာချုပ် ချုပ်ဆိုပွဲနှင့် ချေးငွေထုတ်ပေးခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ဦးက အမှာစကားပြောကြားသည်။

ထို့နောက် ဝါးရုံ၊ ကျောက်ဖြူကုန်း၊ မုန်တိုင်၊ အလည်ရွာ၊ အင်း၊ ကန်နီ၊ ညောင်ဓောက်၊ ဂဠုန်ကုန်း နှင့် လိန်းတော ကျေးရွာအုပ်စုများမှ ဝါစိုက်တောင်သူများထံသို့ ဝါသီးနှံချေးငွေများကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များက ပေးအပ်ခဲ့ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

✣ ကျောဖုံးမှ

ထိန်းချုပ်နိုင်ခဲ့ကြောင်း သိရသည်။

AA အကြမ်းဖက်အဖွဲ့နှင့်CDF အမည်ခံအကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအနေဖြင့် ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့အား ဆက်သွယ်ထားသော ဆက်သွယ်ရေးလမ်းကြောင်းပေါ်တွင် တည်ရှိသည့် ကျင်ခွေးမြို့ရှိ မြို့လုံခြုံရေး ဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလမှစ၍ အင်အားအလုံးအရင်းအသုံးပြုကာ ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး မြို့အား ယာယီစိုးမိုးကာ အဖျက်အမှောင့်လုပ်ရပ်များကို ဥပဒေမဲ့ကျူးလွန်ခဲ့ကြသဖြင့် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ အပါအဝင် ဒေသခံပြည်သူများအနေဖြင့် ၎င်းတို့၏ နေအိမ်အဆောက်အအုံများ၊ ပစ္စည်းဥစ္စာများကို စွန့်လွှတ်၍ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် အဆိုပါ ကျင်ခွေးမြို့အား ယာယီစိုးမိုးထားစဉ်အတွင်း မြို့တွင်းရှိ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ ဆေးရုံ၊ ဆေးခန်းများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများအတွင်း ယာယီခံစစ်စခန်းများ ပြုလုပ်ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်း၊ ယာယီနေရပ်စွန့်ခွာနေရသည့် ဒေသခံပြည်သူများ၏နေအိမ်များနှင့် ဈေးဆိုင်ခန်းများအား ဖောက်ထွင်း၍ အဖိုးတန်ပစ္စည်းများ၊ စားသောက်ကုန်များနှင့် အသုံးအဆောင်ပစ္စည်းများအား အတင်းအဓမ္မ ယူဆောင်ခြင်း ကျင်ခွေးမှတစ်ဆင့် လှိုင်ဒုတ်-လောင်းရှည် ဆက်သွယ်ရေး လမ်းကြောင်း တစ်လျှောက်ရှိ ကျေးရွာများတွင် ဝင်ရောက်နေထိုင်၍ အဖျက်အမှောင့် လုပ်ငန်းများ လုပ်ဆောင်ခြင်း၊ လမ်း/တံတားများ ဖောက်ခွဲဖျက်ဆီးခြင်း၊ အခိုင်အမာ ခံစစ်စခန်းများ တည်ဆောက်ခြင်းများအပြင် အဆိုပါလမ်းကြောင်း တစ်လျှောက်တွင် မိုင်းထောင်ခြင်း၊ လမ်းကြောင်း၌ သွားလာလျက်ရှိသည့် မော်တော်ယာဉ်များထံမှ ဆက်ကြေး ကောက်ခံခြင်း၊ အပြစ်မဲ့ခရီးသွား ပြည်သူများအား ဖမ်းဆီးနှိပ်စက် သတ်ဖြတ်ခြင်းများကို လုပ်ဆောင်လျက်ရှိသည့်အတွက် ကုန်စည်ပို့ဆောင်ရေး မော်တော်ယာဉ်များ အနေဖြင့် ဖြတ်သန်းသွားလာရန် ကန့်သတ်ချက်များကြောင့် ဒေသတွင်း ကုန်စည်စီးဆင်းမှု ရပ်တန့်ခဲ့ရပြီး ကုန်ဈေးနှုန်း အဆမတန်ကြီးမြင့်ခြင်းများဖြစ်ပေါ်ခဲ့ကာ ဒေသခံ တိုင်းရင်းသား ပြည်သူများမှာ စားဝတ်နေရေးအတွက် ဒုက္ခကြီးစွာ ခံစားရလျက်ရှိပြီး ဒေသဖွံ့ဖြိုးမှုနှင့် လူမှုစီးပွားဘဝများ အဘက်ဘက်မှ များစွာနိမ့်ကျလျက်ရှိသည်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ဒေသခံပြည်သူများ လုံခြုံစိတ်ချရသည့် လူမှုစီးပွားဘဝများဖြင့် လုပ်ကိုင်နေထိုင်နိုင်ရေးတို့အတွက် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထိန်းချုပ်ထားသည့် လောင်းရှည်- လှိုင်ဒုတ် - ကျင်ခွေး လမ်းကြောင်းအား အမြန်ဆုံးပြန်လည်ထိန်းချုပ်နိုင်ရန် လောင်းရှည်တွင် လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်ပြီး စစ်ကြောင်းများခွဲ၍ ဟန်ချက်ညီညီဖြင့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို အသက်ကိုပဓာနမထားဘဲ ရင်ကိုမြေကတုတ်လုပ်၍ အခက်အခဲများကြားမှရဲဝံ့စွန့်စားစွာဖြင့် တိုက်ခိုက်ချေမှုန်းခဲ့ရာ စက်တင်ဘာလ ၂၄ ရက်တွင် ပွိုင့်-၆၁၀ တောင်ကုန်းအား လည်းကောင်း၊ စက်တင်ဘာလ ၂၅ရက်တွင်ရင်းကဲကျေးရွာအား လည်းကောင်း၊ စက်တင်ဘာလ ၂၆ ရက်တွင် ပွိုင့်-၉၃၄ တောင်ကုန်းနှင့် ဆွဲလွဲကျင်း ကျေးရွာအား လည်းကောင်း၊ စက်တင်ဘာလ ၂၉ ရက်တွင် ပွိုင့်-၁၀၅၉ တောင်ကုန်းအား လည်းကောင်း၊ အောက်တိုဘာလ ၄ ရက်တွင် မဆွာတွီကျေးရွာအား လည်းကောင်း၊ အောက်တိုဘာလ ၈ ရက်တွင် ပွိုင့်-၁၂၇၆ တောင်ကုန်းအား လည်းကောင်း၊ အောက်တိုဘာလ ၂၀ ရက်တွင် ကျင်ခွေးမြို့၏ အရှေ့မြောက်ဘက် မီတာ ၁၂၀၀၀ ခန့်အကွာ ပွိုင့် - ၁၇၃၂ အနီးရှိ အကြမ်းဖက်သောင်းကျန်းသူများ၏ စခန်းနေရာအား လည်းကောင်း အဆင့်ဆင့်ပြန်လည်တိုက်ခိုက် သိမ်းပိုက်နိုင်ခဲ့ပြီး ယနေ့အောက်တိုဘာလ ၂၁ ရက်တွင် လှိုင်ဒုတ်ကျေးရွာအား ပြန်လည်သိမ်းပိုက် ထိန်းချုပ်နိုင်ခဲ့ကြောင်း သိရှိရသည်။

တပ်မတော် စစ်ကြောင်းများအနေဖြင့် အဆိုပါလမ်းကြောင်းပေါ်ရှိ ကျေးရွာများနှင့် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ၏ အခြေပြုနေရာများအား ပြန်လည်သိမ်းပိုက်ရရှိရေး မိမိတို့၏အသက်ကို ပဓာနမထားဘဲ ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်ချေမှုန်းခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး/ငယ် ထိတွေ့မှု စုစုပေါင်း ၂၆ ကြိမ် ဖြစ်ပွားခဲ့ပြီး ရန်သူ့ထံမှ အလောင်း၁၁ လောင်း၊ လက်နက်မျိုးစုံ ၁၂ လက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့သည်။

တပ်မတော် စစ်ကြောင်းများအနေဖြင့် ဒေသခံပြည်သူများ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်စည်စီးဆင်းမှုအတွက် များစွာအထောက်အကူပြု အရေးပါသည့် လောင်းရှည်- လှိုင်ဒုတ် - ကျင်ခွေး ဆက်သွယ်ရေးလမ်းကြောင်းအား အမြန်ဆုံးပြန်လည်ထိန်းချုပ် ဖွင့်လှစ်ပေးနိုင်ရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အကြမ်းဖက်သမားများ၏ လုပ်ရပ်များကြောင့် ပျက်စီးခဲ့ရသည့် အခြေခံအဆောက်အအုံများ၊ လမ်း/တံတားများ ပြန်လည်ပြုပြင်ပေးခြင်း လုပ်ငန်းများကိုလည်း သက်ဆိုင်ရာ ဌာနအလိုက် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ လိုအပ်သည်များ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။ ၁၀၀



တပ်မတော်စစ်ကြောင်းများက လောင်းရှည်-လှိုင်ဒုတ်- ကျင်ခွေး လမ်းကြောင်းပေါ်ရှိ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးကာ စစ်စခန်းအဖြစ် အသုံးပြု၍ ခိုအောင်းနေထိုင်နေသည့် ကျေးရွာများနှင့် စခန်းကုန်းနေရာများအား သိမ်းပိုက်ရရှိမှု ဖြစ်စဉ်ပြပုံ။

အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်း၊ မိုင်းများနှင့်ဆက်စပ်ပစ္စည်းများ









ပွိုင့် ၁၂၇၆ တောင်ကုန်းမှ သိမ်းဆည်းရမိ လက်နက်၊ ခဲယမ်း၊ မိုင်းများနှင့်ဆက်စပ်ပစ္စည်းများ

အကြမ်းဖက်သောင်းကျန်းသူများက လောင်းရှည်-လှိုင်ဒုတ်-ကျင်ခွေး ဆက်သွယ်ရေးလမ်းကြောင်းပေါ်ရှိ ကျေးရွာများနှင့် ပတ်ဝန်းကျင်နေရာများတွင် ဘန်ကာများ၊ ပစ်ကျင်းများ၊ ခံစစ်ကျင်းများတူး၍ စစ်စခန်းအဖြစ် အသုံးပြုထားပုံ



အကြမ်းဖက်သောင်းကျန်းသူများက ဆွဲလွဲကျင်းကျေးရွာရှိ စာသင်ကျောင်းတွင် ခံစစ်ကျင်းများ၊ ဘန်ကာများ ပြုလုပ်၍ စစ်စခန်းအဖြစ် အသုံးပြုထားပုံ။



အကြမ်းဖက်သောင်းကျန်းသူများက ပွိုင့် ၅၆၇ တောင်ကုန်းတွင် ပစ်ကျင်းများ၊ ဆက်သွယ်ရေးမြောင်းများတူး၍ စစ်စခန်းအဖြစ် အသုံးပြုထားပုံ။

မိုးညှင်းမြို့၌ အယ်လ်နီညို ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

မိုးညှင်း အောက်တိုဘာ ၂၁

ကချင်ပြည်နယ် မိုးညှင်းခရိုင်ငါးလုပ်ငန်းဦးစီးဌာနက ငါးမွေးမြူရေး လုပ်ကိုင်ကြသည့် ငါးမွေးတောင်သူများအနေဖြင့် အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်မှုကြောင့် ငါးမွေးမြူထုတ်လုပ်မှုကဏ္ဍအပေါ် သက်ရောက်နိုင်မှုများကို ကြိုတင်ကာကွယ်နိုင်ရန်ရည်ရွယ်၍ သဘာဝဘေးအန္တရာယ်များအား ကြိုတင်ကာကွယ်ပြင်ဆင်နိုင်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့က မိုးညှင်းခရိုင်ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ပြုလုပ်သည်။



ဟောပြောပွဲတွင် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူက အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ငါးကဏ္ဍဆိုင်ရာ ထိခိုက်ဆုံးရှုံးမှုများကို အနည်းဆုံးဖြစ်စေရေးနှင့် ငါးရိက္ခာဖူလုံရေးကို ဆက်လက်အထောက်အကူပြုနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ ကြိုတင်ပြင်ဆင်၊ တုံ့ပြန်ဆောင်ရွက်ရမည့် အချက်အလက်များကို အသိပညာပေးဟောပြောခြင်းနှင့် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပြီး ငါးမွေးတောင်သူ ၁၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်၌ အောက်တိုဘာ ၁၉ ရက်က မြို့နယ်မီးသတ်ဦးစီးအရာရှိနှင့် သန္နေမီးသတ်တပ်ဖွဲ့ဝင်များက မြို့မဈေး၌ ဂက်စ်မီးဖိုမီးငြိမ်းသတ်နည်း၊ မီးသတ်ဆေးဘူး အသုံးပြုပုံနှင့် မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်း၊ ရေသယ်ယာဉ်များဖြင့် မီးငြိမ်းသတ်နည်းတို့ကို ဇာတ်တိုက်လေ့ကျင့် သရုပ်ပြသစဉ်။

ဆွေနွယ်(ပြန်/ဆက်)

မြန်မာနိုင်ငံ အာမခံစျေးကွက်တွင် နိုင်ငံပိုင် မြန်မာ့အာမခံလုပ်ငန်းအပါအဝင် စုစုပေါင်း(၂၇)ခုဖြင့် လုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၁



မြန်မာနိုင်ငံ အာမခံစျေးကွက်တွင် ပြည်တွင်းပုဂ္ဂလိက အသက်အာမခံကုမ္ပဏီကိုးခု၊ ဖက်စပ်အသက်အာမခံ ကုမ္ပဏီသုံးခု၊ ရာနှုန်းပြည့် နိုင်ငံခြား အသက်အာမခံကုမ္ပဏီငါးခု၊ ပြည်တွင်းပုဂ္ဂလိက အထွေထွေအာမခံကုမ္ပဏီခြောက်ခု၊ ဖက်စပ်အထွေထွေ အာမခံကုမ္ပဏီသုံးခု၊ အသက်နှင့် အထွေထွေအာမခံနှစ်မျိုးလုံး လုပ်ကိုင်သည့် နိုင်ငံပိုင်မြန်မာ့ အာမခံလုပ်ငန်းအပါအဝင် စုစုပေါင်း (၂၇)ခုဖြင့် လုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ (၄၁)ကြိမ်မြောက် (ပုံမှန်) အစည်းအဝေး(၂/၂၀၂၆)မှ သိရသည်။

အဆိုပါအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ရုံးအမှတ်(၃၄) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထင်က မြန်မာနိုင်ငံ အာမခံစျေးကွက်တွင် နိုင်ငံသားပိုင်၊ နိုင်ငံခြားသားရာနှုန်းပြည့်ပိုင်၊ နိုင်ငံသားနှင့် နိုင်ငံခြားသားဖက်စပ်ပိုင် စသည်ဖြင့် ဟန်ချက်ညီစွာ ခွင့်ပြုထားပြီး အာမခံအမျိုးအစား စုံလင်စွာ ခွင့်ပြုထားပြီးဖြစ်၍ စျေးကွက်တွင် ယှဉ်ပြိုင်လုပ်ကိုင်နေကြပြီ ဖြစ်ကြောင်း၊ အာမခံကဏ္ဍ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ပြည်သူပြည်သားများအတွက် အာမခံအကာအကွယ် ပိုမိုရရှိစေရေး အတွက် အာမခံအမျိုးအစားသစ်များကို တိုးချဲ့လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုရေးနှင့် မြန်မာနိုင်ငံ အာမခံစျေးကွက် ဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးကို အထောက်အကူပြုစေရေး စသည်တို့ကို ဆက်လက်အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူးက အကြိမ်(၄၀)မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများကို တင်ပြရာ အာမခံအမျိုးအစား သစ်များ ဖြစ်ကြသည့် အသေးစားဌေးရေးကြေးရေး အဖွဲ့အစည်းများ၏ အသင်းသားများအတွက် အသက်အာမခံအမျိုးအစားသစ်၊ PRU မေတ္တာအာမခံ အမျိုးအစားသစ်၊ AIA တိုးပွားစီမံအာမခံ အမျိုးအစားသစ်၊ စိတ်ကြိုက်ဓနတိုး အသက်အာမခံအမျိုးစားသစ်၊ ပြည်ပ ပါဆယ် အာမခံအမျိုးအစားသစ်၊ Daiichi Smart Protect ကျန်းမာရေးအာမခံအမျိုးအစားသစ် စုစုပေါင်း အာမခံအမျိုးစားသစ် ခြောက်မျိုးကို အဖွဲ့ဝင်များက ဖြည့်စွက် ဆွေးနွေးအကြံပြု ဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့အနေဖြင့် မြန်မာနိုင်ငံ၏ အာမခံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာမခံအမျိုးအစား(၇၂)မျိုးကို ခွင့်ပြုထားပြီး နိုင်ငံခြားအာမခံ ကိုယ်စားလှယ်ရုံး(၂၄)ခု၊ အာမခံလျော်ကြေး တွက်ချက်သည့် Adjuster & Surveyors ကုမ္ပဏီငါးခု၊ ကော်ပိုရိတ်အာမခံကိုယ်စားလှယ် ၇၀၊ တစ်ဦးချင်း အာမခံကိုယ်စားလှယ် စုစုပေါင်း ၂၅၈၁၉ ဦး၊ အာမခံကိုယ်စားလှယ် အရည်အချင်းစစ်စင်တာ တစ်ခုနှင့် ဌာနတွင်း အာမခံကိုယ်စားလှယ် သင်တန်းကျောင်း ၂၅ ခု တို့ကို ခွင့်ပြုထားပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ဧရာဝတီတိုင်းဒေသကြီး၌ မီးလောင်မှုများ လျော့နည်းကျဆင်းစေရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်

ပုသိမ် အောက်တိုဘာ ၂၁

ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနအနေဖြင့် အယ်လ်နီညိုဖြစ်စဉ်ကာလအတွင်း မီးလောင်မှုများ လျော့နည်းကျဆင်းစေရေးနှင့် မီးလောင်မှုများမဖြစ်ပွားစေရေး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများအား အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေး လုပ်ငန်းသုံးပစ္စည်းများ စစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး၌ ဆောင်ရွက်သည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိုးမင်းဦးက မီးသတ်တပ်ဖွဲ့ဝင်များအား လိုအပ်သည်များမှာကြားပြီး မီးသတ်ယာဉ်/စက်များ ကြံ့ခိုင်ကောင်းမွန်မှုရှိ/မရှိ စစ်ဆေးသည်။ ထို့နောက် တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်အမှာစကားပြောကြားကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

မင်းထက်သာ



ဒေးဒရဲမြို့နယ်၌ ဝက်သက်၊ ဂျိုက်သိုးရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံ

ဒေးဒရဲ အောက်တိုဘာ ၂၁

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက အသက်(၉)လမှ (၅၉)လအရွယ်ကလေးငယ်များ ဝက်သက်၊ ဂျိုက်သိုး ရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းကို အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် အသက်(၉)လမှ (၅၉)လအရွယ် ကလေးငယ်များအား ထပ်ဆောင်းကာကွယ်ဆေးထိုးနှံနေမှုများကို တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

အေဇာလင်း



အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အမျိုးသားဖူဆယ်ပြိုင်ပွဲ ကျင်းပ



မန္တလေး အောက်တိုဘာ ၂၁

(၃၈)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ အမျိုးသားဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲကို ယမန်နေ့မွန်းလွဲပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး အမျိုးသားဖူဆယ်ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက အမျိုးသားဖူဆယ်ပြိုင်ပွဲဝင်မည့် ဌာနခွဲ (၁/၂)၊ ဌာနခွဲ(၃)၊ ဌာနခွဲ(၄)နှင့် ဝန်ကြီးရုံး အသင်းလေးသင်းမှ အားကစားသမားများအား လိုက်လံနှုတ်ဆက်ကာ အားကစားပစ္စည်းများပေးအပ်ပြီး ဌာနခွဲ (၁/၂)အသင်းနှင့် ဝန်ကြီးရုံးအသင်း၊ ဌာနခွဲ(၃)အသင်းနှင့် ဌာနခွဲ (၄) အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

အလင်းသစ်

ကံမမြို့နယ်အတွင်း သောက်သုံးရေဖူလုံရေး ကွင်းဆင်းစစ်ဆေး

ကံမ အောက်တိုဘာ ၂၁

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်အတွင်း သောက်သုံးရေပြတ်လပ်မှုမရှိစေရေးနှင့် ရေဖူလုံစွာရရှိစေရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက တူးဖော်ဆောင်ရွက်ပေးထားသော မြေသားရေစုကန်များအတွင်း သောက်သုံးရေများ စုဆောင်းထားရှိမှု အခြေအနေများကို တာဝန်ရှိသူများ ပူးပေါင်း၍ ယမန်နေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့မှ တာဝန်ရှိသူများ ပူးပေါင်းပါဝင်ကြပြီး သောက်သုံးရေပြတ်လပ်မှု ဖြစ်ပေါ်နိုင်ခြေရှိသော ကျေးရွာများရှိ မြေသားရေစုကန်များအတွင်း ရေဝင်ရောက်စုဆောင်းထားရှိမှု အခြေအနေများ၊ ရေကန်များ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ရေအရည်အသွေးကောင်းမွန်ရေးတို့ကို ကြည့်ရှုစစ်ဆေးသည်။



ယင်းနောက် တာဝန်ရှိသူများက ဒေသခံပြည်သူများ ရေရှားပါးမှုဒဏ်မှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ရေစုကန်များကို စနစ်တကျ ထိန်းသိမ်းသုံးစွဲရန်နှင့် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းကာ အချိန်နှင့်တစ်ပြေးညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကောင်းစစ်နိုင်

ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့ရှိ စက်သုံးဆီအရောင်းဆိုင် ၂၆ ဆိုင်၌ အောက်တိုဘာ ၂၀ ရက်တွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကြည်ဇော်ထိုက်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို စစ်ဆေးစဉ်။

သက်မောင်(ကျောက်ဆည်)



၂၃၀ ကေဗို ကနောင် ပင်မဓာတ်အားခွဲရုံတွင် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဓာတ်အားပိတ်မည့်အစီအစဉ်နှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးပန်ကြားချက်

နေပြည်တော် အောက်တိုဘာ ၂၁

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဓာတ်အား စနစ်အတွင်း ဝန်အားမျှတ တည်ငြိမ်စွာဖြင့် စဉ်ဆက်မပြတ် ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးနိုင်ရန်အတွက် ပင်မဓာတ်အားခွဲရုံများနှင့် ဓာတ်အား လိုင်းများကို ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၃၀ ကေဗို ကနောင် ပင်မဓာတ်အားခွဲရုံရှိ လျှပ်ကာဓာတ်ငွေ့ ယိုစိမ့်မှု ဖြစ်ပေါ်နေသော ဓာတ်အားဖြတ်ခလုတ်အား စစ်ဆေးပြုပြင်ခြင်း လုပ်ငန်းကို အောက်တိုဘာ ၂၂ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၃ နာရီ အထိ ဓာတ်အားပိတ်ဆောင်ရွက်မည်ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ အေးရှာမြို့နယ်နှင့် ဒလမြို့နယ် တို့ရှိ စက်ရုံ/အလုပ်ရုံများ၊ ရပ်ကွက်နှင့် ကျေးရွာများ အချိန် ၆ နာရီ ကြာခန့် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူမိဘပြည်သူများအား သက်ဆိုင်ရာမြို့နယ်လျှပ်စစ်မန်နေဂျာရုံးများမှတစ်ဆင့် ကြိုတင် အသိပေးထားပြီးဖြစ်ပါကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

နောင်ချိုမြို့နယ်၌ ငွေကျပ် နှစ်ဘီလီယံကျော်တန်ဖိုးနှင့် ကလောမြို့နယ်၌ ငွေကျပ် သိန်း ၃၆၀၀ တန်ဖိုးရှိ စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၂၁

နောင်ချိုမြို့နယ်တွင် ငွေကျပ် နှစ်ဘီလီယံကျော် တန်ဖိုးနှင့် ကလောမြို့နယ်တွင် ငွေကျပ် သိန်း ၃၆၀၀ တန်ဖိုးရှိ မူးယစ် ဆေးဝါးများ ဖမ်းဆီးရမိပြီး ဖမ်းဆီးရမိသူများအား မူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



တရားခံ သန်းထွန်းအောင်နှင့် အေးမင်းထွေးတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူတွေ့ရစဉ်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၆ ရက် ညနေ ၆ နာရီခွဲတွင် လုံခြုံရေး တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်း အဖွဲ့သည် သတင်းအရ နောင်ချိုမြို့နယ် သာစည်ကျေးရွာအနီး တွင် ကွတ်ခိုင်မြို့မှ ရန်ကုန်မြို့သို့ ချမ်းအေးသာစိမြို့နယ် ဒေးဝင်း အနောက်ရပ်ကွက်နေ သန်းထွန်းအောင်(၄၁)နှစ် မောင်းနှင်ပြီး အောင်ပင်လယ်ရပ်ကွက်နေ အေးမင်းထွေး(၂၁)နှစ် လိုက်ပါ လာသော MITSUBISHI FUSO အမျိုးအစား ယာဉ်အား စစ်ဆေးရှာဖွေရာ စိတ်ကြွ ဆေးပြား ၄၅ ဒသမ ၇ သိန်း (တစ်ပြားလျှင် ငွေကျပ် ၅၀၀ နှုန်း ဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂ဒသမ ၂၈၅ ဘီလီယံ) ဖမ်းဆီးရမိ ခဲ့ပြီး ကွင်းဆက်စစ်ဆေးဖော်ထုတ် ချက်အရ အောက်တိုဘာ ၁၈ ရက် နံနက် ၆ နာရီခွဲတွင် ဖမ်းဆီးရမိ စိတ်ကြွဆေးပြားများ သယ်ဆောင် ခိုင်းသူ ပြင်ဦးလွင်မြို့ ရေချမ်းအိုး ရပ်ကွက်နေ လီဆာ(ခ)ယောလှ (ခ) ရှမ်းလေး (၃၁) နှစ်အား မိုးကုတ်မြို့ မင်းတံတားရပ်ကွက် တွင် LANDCRUISER ယာဉ် တစ်စီး၊ ငွေကျပ်သိန်း ၁၉၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် သန်းထွန်းအောင်၊ အေးမင်းထွေး နှင့် လီဆာ (ခ) ယောလှ (ခ) ရှမ်းလေးတို့အား မူးယစ်ဆေးဝါး နှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ အောက်တိုဘာ ၁၉ ရက် နံနက် ၉ နာရီခွဲတွင် မူးယစ် ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင် သော ပူးပေါင်းအဖွဲ့သည် သတင်း အရ ကလောမြို့နယ် အင်းပြင် ရွာနေ ဝင်းဦး (၄၅) နှစ်၏ နေအိမ် အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွ ဆေးပြား ၁၂ သိန်း (တစ်ပြားလျှင် ငွေကျပ် ၃၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ်သိန်း ၃၆၀၀) ဖမ်းဆီးရမိသဖြင့် ဝင်းဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေအရ အရေးယူထား ကြောင်း သိရသည်။

သတင်းစဉ်



ရေတာရှည်မြို့နယ်၌ အငြိမ်းစားပင်စင်စားများအား အယ်လ်နီညိုအကြောင်း အသိပညာပေးဟောပြော

ရေတာရှည် အောက်တိုဘာ ၂၁

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် စူပါအယ်လ်နီညို ဖြစ်စဉ်ကြောင့် ကြုံတွေ့လာနိုင်သည့်သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်း တွင် မြန်မာ့စီးပွားရေးဘဏ်၌ ပင်စင်လစာရောက်ထုတ်ယူသည့် အငြိမ်းစားဝန်ထမ်းများအား ဟောပြောသည်။

အသိပညာပေးဟောပြော

အဆိုပါဟောပြောပွဲတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန မှ ဒေါက်တာနန္ဒာညီဆွေက စူပါအယ်လ်နီညိုဖြစ်စဉ်ကြောင့် ကြုံတွေ့ လာနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ အသိပညာပေး ဟောပြောသည်။

ထို့နောက် အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက် မှုပေးကာ ကြက်သားဆန်ပြုတ်ဖြင့် အာဟာရဖြည့်ကျွေးမွေးလှူဒါန်းခဲ့ ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ရေကြည်မြို့နယ်၌ ဝက်သက်-ဂျိုက်သိုးရောဂါ ထပ်ဆောင်း ကာကွယ်ဆေးထိုးနှံ

ရေကြည် အောက်တိုဘာ ၂၁

ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် ယနေ့နံနက်ပိုင်းတွင် အသုတ်မြို့ စည်ခွကျေးရွာရှိ သာသနာပိုဟုလာရာကျောင်းတိုက်၌ ဝက်သက် - ဂျိုက်သိုးရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံခြင်းကို ဧရာဝတီတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း နာယက ဒေါ်သက်သက်ဆွေ၊ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာသီဟနှင့် တာဝန်ရှိသူများ တက်ရောက် ကြပြီး ကာကွယ်ဆေးထိုးနှံပေးနေမှုကို ကြည့်ရှုအားပေးကာ ကလေး များအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

အဆိုပါ ဝက်သက် - ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်း ထိုးနှံခြင်းလုပ်ငန်းကို မြို့နယ်လုံးအတိုင်းအတာဖြင့် အသက်(၅) နှစ် ကလေးငယ်များကို ထိုးနှံပေးမည်ဖြစ်ရာ အောက်တိုဘာ ၁၉ ရက်မှ ၂၃ ရက်အထိ မြို့နယ်အတွင်းရှိ ကာကွယ်ဆေးထိုးစုရုပ်ပေါင်း ၆၁ ခု၌ စတင်ထိုးနှံနေပြီဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မြန်မာ့အသံနှင့်ခွပ်မြင်သံကြား

၂၂-၁၀-၂၀၂၆ ကြာသပတေးနေ့

MRTV HD

၀၆:၀၀ နိုင်ငံတော်သံယမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အမှုဆောင်နိုင်ငံတော်သံယမဟာနာယကအဖွဲ့အရာတော်များက ဗဟိုတရားတော်ရွတ်ဖတ်ပူဇော်ခြင်း
၀၈:၀၀ နံနက်သတင်း
၀၈:၃၀ ၂၀၄၃ခုနှစ်(၂၃)ကြိမ်မြောက်မြန်မာ့ကိုရာယဉ်ကျေးမှုအဆိုပါအဂၤအရေးအသစ်ပြိုပွဲ ဒုတိုပွဲအမ်းအားအစီအရင်
၀၉:၁၀ NRC အစီအစဉ်
၀၉:၃၀ သဘာဝကမ္ဘာထဲက "San"
၁၀:၃၅ မြန်မာ့လယ်ယာနှင့်ကိုင်းဝေးပေါ်ဆန်းစပ်ပေး
၁၁:၃၅ NEXT LEVEL
၁၂:၀၀ MRTV National News
၁၄:၄၅ မိုးကုက်တင့်စဆိုကရတီအလွမ်း
၁၆:၀၀ နေ့ရှည်ဆန်းသစ်ပွဲဇတ်
၁၈:၁၅ Soccer View

mitv

07:01 Evergreen Classic:a Mi Ba Kyay Zuu Sat Phuu Bi Lar
07:09 Myanmar Traditional Food: Mohinga
07:29 A Way of Life: Karate-do
07:43 Topical Topics: Kyauk Pha Yone Thee or Wax Gourd
08:26 Asia Updates: Warmth of Love
08:33 Geographic Center of Myanmar
08:53 Cultural Ties Among Langcang-Mekong Countries
09:01 Famous Ywar Ngan Coffee From Shan Highlands
09:30 The Beautiful Putao in the Northernmost Part of Myanmar
09:40 Don Min Artist

MRTV NRC

ချင်း (လိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀)
နွေးထွေးညီလှမ်းတန်းစွာသိုးစလည်ပတ်ဒေါက် (အပိုင်း-၂)
ချင်း (ချိုး) (၀၇:၀၀ မှ ၀၈:၀၀)
ချင်းမိုးရာလက်မှုပညာ(အိုးလုပ်နည်း)
မွန် (၀၈:၀၀ မှ ၁၀:၀၀)
ဝေလုပိုရာလက်မှုပညာမွန်ပိုရာလက်ရာကန်း
ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)
ထိန်းသိမ်းခိုလေ့ရိုရာဒေသ(ရထားဆွဲပွဲ)
ဂွမ်း (၁၂:၀၀ မှ ၁၄:၀၀)
ပို့ပဲ့ကောင်းကျိုးသို့ကျိုး
ဝ (၁၄:၀၀ မှ ၁၆:၀၀)
ကျိုင်းတုံမြို့ဂုဏ်ထင်ကရနေရာများသို့ (အပိုင်း-၂)

MRTV NEWS

၀၆:၀၀ အဖွင့်ဝေါဟာရဆိုင်း
၀၆:၀၅ လူထုလုပ်ရှားမှုအားကစား
၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
၁၂:၂၀ နိုင်ငံတကာသတင်း(LIVE)
၁၃:၀၀ MRTV National News
၁၆:၀၀ သတင်းမုန်ကဏ္ဍ(LIVE)
၁၈:၄၅ Football Highlights
၁၈:၅၅ ကမ္ဘာ့နယ်ချဲ့ဝါဒီဝမ်းကွဲစုံလင်
၁၉:၄၅ ဝေလူလေ့လာအေးဆိုင်းနည်းပညာ
၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
၂၁:၄၅ လွှတ်တော်ရေးရာအဖြာဖြာ

MRTV FARMERS

၀၆:၀၀ အဖွင့်နိုင်ငံတော်သီချင်း
၀၆:၀၂ တောင်သူလယ်ယာရေးရာသတင်း
၀၆:၂၀ လူမှုဗီဒီယာဝါဖြတ်ပါးရေး သမဝါယမတောင်ဖွတ်ပေး
၀၈:၀၀ ဇတ်ရာဇာတ်ရောင်းပါးကဏ္ဍ
၁၀:၀၀ တတိယအကြိမ်အမျိုးသားယွတ်တော် တတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့တိုက်ရိုက်ထုတ်လွှင့်မှု
၁၆:၃၀ မြန်မာဇာတ်လမ်းတွဲ ချစ်စိတ်တို့နောင်ခွဲ (အပိုင်း-၁၉)

MRTV Radio

၀၆:၀၀ လူမှုဗီဒီယာသတင်းများ
၀၈:၃၀ သံစဉ်ချိုမြန်မာ့ဓာတ်အလှ
၁၀:၀၀ လွှတ်တော်သတင်း
၁၀:၁၅ မြန်မာ့ဓာတ်လမ်းတွဲ "ဒေါင်" (အပိုင်း-၇)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း ပိုးလေလေအင်အားနေ
၂၂:၀၀ လွှတ်တော်ရေးရာအဖြာဖြာ
၂၂:၁၅ ၂၀၄၃ခုနှစ်(၂၃)ကြိမ်မြောက်မြန်မာ့ကိုရာ ယဉ်ကျေးမှုအဆိုပါအဂၤအရေးအသစ်ပြိုပွဲ အစီအရင်(ဒုတိယနေ့)
၂၂:၃၀ နိုင်ငံခြားဓာတ်လမ်းတွဲ "သုသမ်စဉ်" (အပိုင်း-၃၀)
၂၃:၁၅ ရုပ်မြင်သံကြားဓာတ်လမ်း

Me

၀၆:၀၀ အဖွင့်၊ ဝမ္မပုဓာတေးသီချင်းများ
၀၆:၂၅ မြန်မာ့ဆရာစဉ်တေးများ
၀၇:၀၀ နိုင်ငံခြားဓာတ်လမ်းတွဲ "နှတ်ချို့ဒုက္ခဓာဝါ" (အပိုင်း-၀)
၀၇:၃၀ ရုပ်ရှင်သတင်း "ပဟာဒုဒွင်ငေတထုတ်ဒန်း ဇာတ်တော်"
၀၉:၁၀ Japanese Single Chart (29)
၀၉:၃၅ မြန်မာရုပ်ရှင်(ဖြူမည်း) "ဇောင်းတော်ရွင်"

MRTV NEWS

ကချင် (၁၁:၀၀ မှ ၁၂:၀၀)
မီသာစုအာဇာအေးမိများ
ကယား (၁၂:၀၀ မှ ၂၀:၀၀)
ပညာမန်းနှင့်အလုပ်သင်
တောင်ကသူ (၂၀:၀၀ မှ ၂၁:၀၀)
အသက်အရွယ်ရသူများ၊ ဂရိုလောက်သင့်သော အကြောင်း
ဘနောက်ဖိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)
လျှာလည်သွားစေယဉ်ရလုပ်
ဘရွဲဖိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)
ဆွေညီနောင်များဘာသာစကားခြင်္သေ့ချမ်းကြည်ဝေယည် (အပိုင်း-၉)

MRTV ENTERTAINMENT

၀၉:၀၀ အဖွင့်အလံ
၀၉:၃၀ လွှတ်တော်ရေးရာအဖြာဖြာ
၀၉:၅၅ တတိယအကြိမ်အမျိုးသားယွတ်တော် တတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့တိုက်ရိုက်ထုတ်လွှင့်မှု
၁၂:၀၀ လွှတ်တော်သတင်း(၂၂-၁၀-၂၀၂၆)

MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းညွှန်ပြသ
၀၆:၄၀ Awesome Goals
၀၇:၃၀ Weekly Soccer Preview
၀၈:၀၀ ၂၀၀၆ခုနှစ်တိုင်းဒေသကြီးနှင့်ပြည်နယ် ကျော်ပြိုင်ပွဲဝိုလ်လွှဲ (Replay) (ရွှမ်းအယင်းနှင့် ဧရာဝတီအယင်း)
၁၀:၀၀ အားကစားသတင်း

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေး တာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

နေပြည်တော် အောက်တိုဘာ ၂၁

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ညနေ ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ နယ်မြေခံတပ်ရင်းခွဲ ပြုလုပ်ရာ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ကလေးတပ်နယ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။



တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နယ်မြေအေးချမ်း သာယာရေးအတွက် ရှေ့တန်းစစ်ဗျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍လည်း ကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုနှစ်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

အလားတူ ယနေ့ညနေပိုင်းတွင်လည်း စစ်ကိုင်း တိုင်းဒေသကြီး ဟုမ္မလင်းမြို့ရှိ နယ်မြေခံတပ်ရင်းခွဲ နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေး တာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်း ပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ကျင်းပပြုလုပ်ရာ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဟုမ္မလင်း တပ်နယ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်း စစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက် ကမ်း၍လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုနှစ်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် လက်ဝှေ့ပြိုင်ပွဲ အမျိုးသား/အမျိုးသမီးဝိတ်တန်းအလိုက် အကြိုဗိုလ်လုပွဲ ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၁

လက်ဝှေ့အားကစား အဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရေးနှင့် မျိုးဆက်သစ် လက်ဝှေ့ အားကစားသမားများ ပေါ်ထွက် လာစေရေးတို့အတွက် ရည်ရွယ်၍ အားကစားရေးရာ ဝန်ကြီးဌာနမှ ကြီးမှူးပြီး အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်နှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်း၍ "၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် လက်ဝှေ့ပြိုင်ပွဲ" အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ရှိ မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပသည်။

ယနေ့ တိုင်းဒေသကြီးနှင့် ပြည်နယ်လက်ဝှေ့ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် အမျိုးသား (၄၈၊ ၅၄၊ ၅၇၊ ၆၀၊ ၆၃.၅၊ ၆၇၊ ၇၅၊ ၈၀)ကီလိုတန်း ပြိုင်ပွဲများနှင့် အမျိုးသမီး(၄၈၊ ၅၀)ကီလိုတန်း ပြိုင်ပွဲများကို အသီးသီးယှဉ်ပြိုင်ခဲ့ကြသည်။



အမျိုးသားပြိုင်ပွဲ ပွဲစဉ်များဖြစ်သည့် (၄၈)ကီလိုတန်းပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး အသင်းမှ လင်းထက်စံ(အပြာ)က ပဲခူးတိုင်းဒေသကြီး အသင်းမှ ဝေယံထွန်း(အနီ)ကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အသင်းမှ ခန့်ဖြိုးကျော်(အပြာ)က မကွေးတိုင်းဒေသကြီးအသင်းမှ ဖိုးလပြည့်(အနီ)ကိုလည်းကောင်း၊ (၅၄) ကီလိုတန်းပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး အသင်းမှ ထွန်းထက်ခိုင်(အပြာ)က ချင်းပြည်နယ်အသင်းမှ ဟာခေါင်ဂေ(အနီ)ကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး အသင်းမှ ဖြိုးကျော်ကျော်(အနီ)က ကရင်ပြည်နယ်အသင်းမှ စောစိုးထက်စံ(အပြာ)ကိုလည်းကောင်း၊ (၅၇) ကီလိုတန်းပြိုင်ပွဲတွင် မွန်ပြည်နယ်အသင်းမှ ရဲစော်(အပြာ)က မန္တလေးတိုင်းဒေသကြီးအသင်းမှ ကောင်းကင်ကြယ်(အနီ)ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အသင်းမှ ဇဖိထန်(အပြာ)က ရှမ်းပြည်နယ်အသင်းမှ ဖြိုးဝေထွန်း(အနီ)ကိုလည်းကောင်း၊ (၆၀) ကီလိုတန်းပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးအသင်းမှ ကျော်သူရ(အပြာ)က ရန်ကုန်တိုင်းဒေသကြီး အသင်းမှ ဇော်လင်းထွေး(အနီ)ကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး အသင်းမှ သီဟအောင်(အနီ)က ကရင်ပြည်နယ်အသင်းမှ အောင်ခန့်ဖြိုး(အပြာ)ကို လည်းကောင်း၊ (၆၃.၅)ကီလိုတန်းပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းမှ အေးကိုဇင်(အပြာ)က ဧရာဝတီတိုင်းဒေသကြီး အသင်းမှ မင်းကျော်ဇင်(အနီ)ကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အသင်းမှ လုံဂျုရိုရိုကြွယ်နော်(အနီ)က မန္တလေးတိုင်းဒေသကြီး အသင်းမှ ဟိန်းဖိုးဦး(အပြာ)ကို လည်းကောင်း၊ အမျိုးသား(၆၇) ကီလိုတန်းပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး အသင်းမှ စောဒဲနစ်ဗစ်တာဝါး(အပြာ)က ရခိုင်ပြည်နယ်အသင်းမှ ဟိန်းသန့်ဇင် (အနီ)ကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အသင်းမှ ရဲလွင်ထွန်း(အပြာ)က ရှမ်းပြည်နယ်အသင်းမှ ထွန်းထွန်းဝင်း(အနီ)ကိုလည်းကောင်း၊ အမျိုးသား(၈၀)ကီလိုတန်း ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး အသင်းမှ ကောင်းထက်ဇော်(အနီ)က ရှမ်းပြည်နယ်အသင်းမှ ဟန်ထူးလွင် (အပြာ)ကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး အသင်းမှ ကောင်းမြတ်သူ(အပြာ)က ပဲခူးတိုင်းဒေသကြီး အသင်းမှ သီဟကိုကို(အနီ)ကို လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အလားတူ အမျိုးသမီး (၄၈) ကီလိုတန်းပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးအသင်းမှ ဖူးပွင့်မြတ်(အပြာ)က ကရင်ပြည်နယ်အသင်းမှ အေးအေးနွယ်(အနီ)ကို လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် အသင်းမှ အိမ့်မြတ်သော်(အနီ)က မန္တလေး တိုင်းဒေသကြီးအသင်းမှ လောမံ(အပြာ)ကို လည်းကောင်း၊ (၅၀) ကီလိုတန်းပြိုင်ပွဲတွင် မန္တလေး တိုင်းဒေသကြီး အသင်းမှ လဝန်းနွယ်(အနီ)က တနင်္သာရီ တိုင်းဒေသကြီးအသင်းမှ နော်တာ ဘလုစိုး(အပြာ)ကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အသင်းမှ သန္တာ(အနီ)က မကွေးတိုင်းဒေသကြီးအသင်းမှ ဖူးဖူး(အပြာ)ကို လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ကြည့်ရှုအားပေး

၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၂ ရက် မွန်းလွဲ ၂ နာရီမှ စတင်၍ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ရှိ မိုးလုံလေလုံ အားကစားရုံ၌ "၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် လက်ဝှေ့ပြိုင်ပွဲ" အမျိုးသား/အမျိုးသမီး ဝိတ်တန်းအလိုက် အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို ဆက်လက် ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူ့ မဆို "အခမဲ့" လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

AFC မှ

အုပ်စုပထမပွဲတွင် သရေကျခဲ့သည့် အိမ်ရှင်ရှမ်းယူနိုက်တက် အသင်းသည် ပထမပိုင်းသွင်းဂိုးများဖြင့် နိုင်ပွဲစတင်ရယူနိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် နောက်တစ်ဆင့် တက်ရောက်ရန် အခွင့်အရေးပိုရှိလာပြီး ဘရူနိုင်းကလပ် ကာဆူကာ အသင်းမှာမူ နှစ်ပွဲဆက်အနိုင်ကြောင့် အုပ်စုအဆင့်မှ စောစီးစွာ ထွက်ခဲ့ရပြီ ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲ အချို့ပြုလုပ်ခဲ့ပြီး ပထမပွဲတွင် ချေပဂိုးသွင်းယူခဲ့သည့် သက်ဝေမိုးကို ပွဲထွက်လူစာရင်းတွင် အသုံးပြုခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားသော်လည်း အဆုံးသတ်အားနည်းမှု ကြောင့် မိနစ် ၃၀ ကျော်မှ ဦးဆောင်ဂိုးရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်း အတွက် အဖွင့်ဂိုးကို ၃၄ မိနစ်တွင် ရိုဒရီက သွင်းယူခဲ့သည်။ ဂိုးရပြီး နောက်ပိုင်းတွင် ရှမ်းယူနိုက်တက်အသင်း ပိုဖိကစားနိုင်ခဲ့ပြီး ၄၄ မိနစ်တွင် တိုက်စစ်မှုး အက်ဆင်ဂျူနီယာက ဒုတိယဂိုးထပ်မံသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ဂိုးထပ်မံရရှိရန် ကြိုးပမ်းသော်လည်း အဆုံးသတ်အားနည်းမှုကြောင့် ဂိုးထပ်မရဘဲ ပထမပိုင်း ရလဒ်အတိုင်း ပြီးဆုံးခဲ့သည်။

ဒုတိယပွဲတွင် ဖိလစ်ပိုင်ကလပ် မနီလာဒီဂါအသင်းနှင့် တရုတ် တိုင်ပေကလပ် နယူးတိုင်ပေဟန်ယွမ်အသင်းတို့ တစ်ဂိုးစီသရေကျခဲ့ သည်။ အုပ်စု (E) ဒုတိယနေ့အပြီးတွင် ဖိလစ်ပိုင်ကလပ် မနီလာဒီဂါ အသင်းနှင့် မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းက လေးမှတ်စီ၊ တရုတ် တိုင်ပေကလပ် နယူးတိုင်ပေဟန်ယွမ်အသင်းက နှစ်မှတ်ရထားပြီး ဘရူနိုင်းကလပ် ကာဆူကာအသင်းက အမှတ်မရသေးပေ။ ရှမ်း ယူနိုက်တက်အသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် အောက်တိုဘာ ၂၄ ရက်တွင် ဖိလစ်ပိုင်ကလပ် မနီလာဒီဂါအသင်းနှင့် နောက်တစ်ဆင့် တက်ရေး အဆုံးအဖြတ်ပွဲ ကစားရမည်ဖြစ်သည်။

သတင်း - ညီမြတ်သော်တာ၊ ဓာတ်ပုံ - M League

■ အာရှမှ

၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၂ ရက် (၅)ကြိမ်မြောက် အာရှ မသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ရေကူးအားကစားနည်းမှ အားကစားသမား ညီညီလင်းထက်က အမျိုးသား မီတာ ၁၅၀ တစ်ဦးချင်း လေးမျိုးကူးပြိုင်ပွဲကို လည်းကောင်း၊ ပြေးခုန်ပစ်အားကစားနည်းမှ အားကစားသမား ဒုတပ်ကြပ် စံတင်က မီတာ ၄၀၀ အပြေးပြိုင်ပွဲကို လည်းကောင်း၊ အားကစားသမား ဇော်မင်းထွန်းက အမြင့်ခုန်ပြိုင်ပွဲတို့ကို လည်းကောင်း ဆက်လက်ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

မြန်မာမသန်စွမ်းအားကစားအဖွဲ့အနေဖြင့် (၅)ကြိမ်မြောက် အာရှ မသန်စွမ်းသူများ အားကစားပြိုင်ပွဲ ရေကူး၊ ပြေးခုန်ပစ်နှင့် တိုက်ကွမ်ဒိုအားကစားနည်းတို့တွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိရာ အောက်တိုဘာ ၂၁ ရက်အထိ မြန်မာမသန်စွမ်းအားကစားအဖွဲ့အနေဖြင့် မြန်မာနိုင်ငံအတွက် ရေကူးအားကစားနည်းမှ ကြေးတံဆိပ်ဝိတ်စုံခု၊ ပြေးခုန်ပစ်အားကစားနည်းမှ ကြေးတံဆိပ်ဝတစ်ခု စုစုပေါင်း ကြေးတံဆိပ် သုံးခုတို့ကို ဆွတ်ခူးရရှိထားပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

❍ လက်ရှိချန်ပီယံမှ

ဇာဒီအက်စ်ပါတ်နဲ့ လာမိုင်းယာမယ်တို့က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းဟာ ဘာစီလိုနာအသင်းကို အနိုင် ရရှိခဲ့တာကြောင့် ချန်ပီယံလိဂ်သုံးပွဲကစား သုံးပွဲစလုံးအနိုင် ရရှိခဲ့မှုနဲ့အတူ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်နေတာဖြစ်ပါတယ်။ ပီအက်စ်ဂျီအသင်းနဲ့အတူ လီဗာပူးအသင်း ကလည်း ဗီလာရီးယဲလ်အသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရပြီး ရာနှုန်းပြည့်နိုင်ငံပွဲနဲ့အတူ အမှတ်ပေးဇယား ဒုတိယနေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။ အခြားသောပွဲစဉ်တွေမှာတော့ ဒေါ့မွန်အသင်းက ဆာဘက်အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ မန်စီးတီးအသင်းက အေအီးကေအသင်းကို ငါးဂိုး-တစ်ဂိုး၊ နာဝိုလီအသင်းက ဘိုဒိုအသင်းကို လေးဂိုး-သုံးဂိုး၊ ပီအက်စ်ဗွီအသင်းက ပေါ်တိုအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ရိုးမားအသင်းက ဆလိုဗန်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဇီနာဘာချီအသင်းနဲ့ ဆလာဗီယာပရက်အသင်း တို့ပွဲစဉ်မှာတော့ တစ်ဖက်နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

ဒွေကြယ်

❖ မြန်မာအမျိုးသမီးလိဂ်မှ

Young Lionesses အသင်းအတွက် ဦးဆောင်ဂိုးကို ၇၅ မိနစ်တွင် နန်းခမ်းဟွမ်က သွင်းယူပြီး ဇွဲကပင်ယူနိုက်တက် အသင်းအတွက် ချေပဂိုးကို ၈၉ မိနစ်တွင် ဘီလင်ဒါက သွင်းယူခဲ့သည်။ ယခုပွဲအတွက် AYA Pay Player of the Match ဆုကို ဇွဲကပင်ယူနိုက်တက်အသင်းအတွက် ချေပဂိုး သွင်းခဲ့သည့် ဘီလင်ဒါက ရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ငါးသိန်း ရရှိသည်။

ပွဲစဉ် ၁၀ အပြီးတွင် အား/ကာသိပွဲအသင်းက ၂၈ မှတ်၊ ဇရာဝတီအသင်းက ၂၃ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ၂၂ မှတ်၊ သစ္စာအားမာန်အသင်းက ၁၉ မှတ်၊ ရှမ်းယူနိုက်တက် အသင်းက ၁၇ မှတ်၊ ရတနာပုံအသင်းက ၁၂ မှတ်၊ မြဝတီအသင်းက ကိုးမှတ်၊ ဇွဲကပင်ယူနိုက်တက်အသင်းနှင့် Young Lionesses အသင်းက ခုနှစ်မှတ်စီရရှိထားကာ ရန်ကုန်စီးတီးအသင်းသည် ၁၀ ပွဲစလုံးရှုံးပြီး အမှတ်မရသေးပေ။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MWL

✻ နိဝင်ဘာလမှ

အကြံပြုချက်

အဆိုပါ အယ်လ်နီညိုဖြစ်စဉ်ကြောင့် လာမည့် ဆောင်းရာသီနှင့် နွေရာသီကာလများ၌ အပူချိန် မြင့်မားခြင်းနှင့် ရေရှားပါးမှုများ ဖြစ်ပေါ်လာနိုင်ပြီး မြစ်ချောင်း၊ အင်းအိုင်၊ ရေတွင်း၊ ရေကန်များတွင် ရေနည်းပါးနိုင်ခြင်း၊ သောက်သုံးရေနှင့် စိုက်ပျိုးရေ ပြတ်လပ်ခြင်း၊ ရေမလုံလောက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်း၊ အပူလွှဲပ်ခြင်း၊ ရေဓာတ်ခန်းခြောက်ခြင်း၊ ရေရှားပါးမှုမှတစ်ဆင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ခြင်း၊ ရေလှောင်တာမံများတွင် ရေဝင်နည်းပါးခြင်းကြောင့် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မှု လျော့နည်းသွားနိုင်၍ လျှပ်စစ်ဓာတ်အား လိုအပ်ချက် မြင့်မားလာခြင်းတို့ ဖြစ်ပေါ်နိုင်ပါသဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင် ဆောင်ရွက်နိုင်ပါရန် အကြံပြုထားသည်။

မိုး/ဧလ

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၃)ရပ်ကွက်၊ ရန်ကင်းလမ်း၊ Golden City Condo၊ တိုက်အမှတ်(B-1)၊ (၃)ခန်းတွဲ (၃၃)ထပ်ကွန်ဒို၊ (၄)လွှာ၊ အခန်းအမှတ်(B-1-04-04)၊ (၁၆၇၇.၉၃)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်လုံးတို့ကို လက်ရှိထားပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ Golden Land Real Estate Development Co.Ltd ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးထက်ဝေမင်း [၁၂/ဗဟန(နိုင်)၀၉၀၃၃၀]၊ ဒေါ်နင်းပွင့်လွင် [၁၂/ဟဘတ(နိုင်)၀၃၁၀၂]တို့က အပြီးအပိုင်လွှဲပြောင်းပယ်ဖျက်ရန် တိုက်ခန်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသကိုသေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက နိုင်ငံလုံးသော တရားဝင်စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့ သတင်းစာကြေညာသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးဥာဏ်မင်းထက်(LL.B,DIPL,DBL,PGDB) ဒေါ်ယုစန်ကို(LL.B,DBL,PGDB)
အထက်တန်းရေနေ(စဉ်-၅၂၃၁၂) အထက်တန်းရှေ့နေ(စဉ်-၅၂၇၄၆)
အမှတ်(၂၀၀/၀၁) ညီညွတ်ရေးလမ်း၊ (၃၀)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။
ဖုန်း-၀၉-၉၇၃၂၈၁၃၀၊ ၀၉-၄၂၀၀၉၉၆၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၃-ရပ်ကွက်၊ ဗိုလ်ဖိုးဝင်း(၃)လမ်း၊ အမှတ် ၇၆၁ တည်ရှိရာ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရုပ်ကွက်-၃၊ မြေကွက်အမှတ်-၇၆၁၊ ဒေါ်အုံးမြင့်အမည်ပေါက် နှစ်(၆၀)မြောက်ဂရန်နဲ့မြေအား ဒေါ်မေမိဦးက (တရားလို)ပြုလုပ်၍ အမည်ပေါက် ဒေါ်အုံးမြင့်အား (တရားပြိုင်)ထားကာ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး၏ တရားမကြီးမူအမှတ်(၆၀/၂၀၂၅)အရ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ အနိုင် ဒီကရီချမှတ်သည့် (၂၆-၁-၂၀၂၆)ရက်စွဲပါစီရင်ချက်နှင့် ဒီကရီ၊ တရားမစာရိုးမှုအမှတ် (၂၆/၂၀၂၆)၏ (၁၇-၃-၂၀၂၆)ရက်စွဲပါအမိန့်နှင့် နေစဉ်မှတ်တမ်း၊ တရားနှုံး(ကိုယ်စား) အရောင်းဖြေပုံကျေလျောက်ထားရန် ဒေါ်မြင့်မြင့်ကြည် [၁၂/ဒပန(နိုင်)၀၂၈၃၄၂] အား ဘီလစ်ခန့်အပ်ထားကြောင်း (၅-၅-၂၀၂၆)ရက်စွဲပါ ဘီလစ်ခန့်စာ၊ နှစ်(၆၀) ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် (၁)ထပ်ခွဲအဆောက်အဦဆောက်လုပ်ရန် ပြုပြင်နေပြီး (တရားနိုင်)မှ မြေပြင်ကွင်းဆင်းစစ်ဆေးသည်ကို သိရှိကြောင်း လက်မှတ်ရေးထိုးတင်ပြသဖြင့် ဘီလစ်ခေါ်မြင့်မြင့်ကြည်မှ အရောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားခြင်းအား တရားဝင်နိုင်ငံလုံးသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မစ္စ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေးစည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒွေနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြဖြစ်စဉ်နှံ့နွေဥာန၊ ရန်ကုန်မြို့တော်ဧည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာချက်

၁။ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ ကျောက်စိမ်း(၄)လမ်း၊ မြေကွက်အမှတ်(၁၉၇)တွင် (၂)ခန်းတွဲ(၆)ထပ်တိုက် (Pitch Roof) (လှေနေရန်၊ ၁၂ခန်း) အဆောက်အဦ ဆောက်လုပ်ခွင့်အား မြေပင် ဒေါ်အေးမြတ်မွန်၊ မှတ်ပုံတင်လက်မှတ်ရ အင်ဂျင်နီယာဦးသန်းထွေး(RSE-Construction-3655)နှင့်လိုင်စင်ရ ကန်ထရိုက်တာ ဦးစိန်လှ(LC-451)တို့ဖြင့် ရန်ကုန်မြို့တော်ဧည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အဦ)၏ ၁၉-၁-၂၀၂၆ ရက်စွဲပါစာအမှတ်၊ BP1-13450-BP3-4616 ဖြင့် ဆောက်လုပ်ခွင့်ပြုထားပြီးဖြစ်ပါသည်။

၂။ ယခုအခါ အဆိုပါ(၂)ခန်းတွဲ(၆)ထပ်တိုက် (Pitch Roof)(လှေနေရန်၊ ၁၂ခန်း) အဆောက်အဦအား ဆောက်လုပ်လိုခြင်းမရှိတော့ပါသဖြင့် ဆောက်လုပ်ခွင့်ပြုမိန့်အား ပယ်ဖျက်ခွင့်ပြုပါရန် မြေရှင်၊ မှတ်ပုံတင်လက်မှတ်ရာအင်ဂျင်နီယာနှင့် လိုင်စင်ရကန်ထရိုက်တာတို့မှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက နိုင်ငံလုံးသောအထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မစ္စ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအရ ဆက်လက်စီစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အဦ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ မြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူမြင်သံမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV-HD Channel)နှင့် (MRTV Entertainment Channel)တို့မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ဂရိုနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ည များတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ(၂၆)ရက်နေ့တွင် ရောက်ရှိမည့် သီတင်းကျွတ်လပြည့်နေ့ အချိန်ခါသမယကို ကြိုဆိုသောအားဖြင့် လိုက်လျောညီစွာ သီတင်းကျွတ်ချိန်ခါ တေးသီချင်းများကို မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ပြင်ပအဆိုရှင်များ ရုပ်ပေါင်း၍ (၂၃-၁၀-၂၀၂၆)ရက် (သောကြာနေ့)ည တွင် **"သီတင်းကျွတ်ည ရင်ခုန်သံ"** တေးဂီတဖျော်ဖြေပွဲ ခမ်းနားစွာဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

(၂၃-၁၀-၂၀၂၆)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ
"သီတင်းကျွတ်ည ရင်ခုန်သံ" တေးဂီတဖျော်ဖြေပွဲ ခမ်းနားစွာဖြင့်
ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်

စဉ်	သီချင်းအမည်	အဆိုရှင်
၁။	မီးပုံးလေးတွေလင်းပါစေ	ပြင်ပအဆိုရှင်
၂။	သီတင်းကျွတ်ပြီ	ပြင်ပအဆိုရှင်
၃။	မီးပုံပွဲ	ပြင်ပအဆိုရှင်
၄။	ရောင်စုခြယ်တဲ့ ပွဲတော်ည	ပြင်ပအဆိုရှင်
၅။	မြင့်မိုရ်ပွဲ	ပြင်ပအဆိုရှင်
၆။	သီတင်းကျွတ်ည ရင်ခုန်သံ	ပြင်ပအဆိုရှင်
၇။	ဘယ်မှာလဲအချစ်ရယ်	ပြင်ပအဆိုရှင်
၈။	ဝါကျွတ်ဝိဿေသ	ပြင်ပအဆိုရှင်
၉။	အေးရိပ်မင်္ဂလာ	ပြင်ပအဆိုရှင်
၁၀။	သီတင်းကျွတ်ပြီလေ	ပြင်ပအဆိုရှင်

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ကျွန်ုပ်၏အမှုသည် ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ တံတားဦးကျေးရွာအုပ်စု (အလယ်ရွာ)တွင် နေထိုင်သူဦးစဝင်းနယ်[၁၄/ပစလ(နိုင်)၀၁၆၅၈၇] (ဘ)ဦးမန်းချစ်အေးသည် ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ တံတားဦးကျေးရွာအုပ်စု (အလယ်ရွာ) ကွင်းအမှတ် (၃၂၅)၊ မြေကွက်အမှတ်(B44/B38/B26/B25/B39/B27/B40) တို့ကို အရပ်ကတိအရောင်းအဝယ် စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။ ယခုအခါ မြို့နယ်မြေစာရင်းဦးစီးဌာန၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး (တိုင်းလယ်ယာမြေစီမံခန့်ခွဲရေး အဖွဲ့)တို့တွင် တရားဝင် ရုံးကိစ္စများဆောင်ရွက်ရန်ရှိပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြေညာသည့်နေ့မှစ၍ (၅)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းသက်သေအထောက်အထားများနှင့်အတူ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ရုံးကိစ္စများဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိုးမြင့် LL.B, ADVOCATE
တရားလွှတ်တော်ရှေ့နေ (စဉ်-၂၅၈၅/၂၁-၅-၁၉၈၄)
အမှတ်-၁၀/၁၂ အခန်း(၁၀၄/I)၊ ပထမထပ်၊ ၃၅ လမ်း(အောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉-၄၅၀၀၄၁၃၂၊ ၀၉-၄၂၀၃၀၁၁၉

ပဲခူးမြို့၌ (၁၀၃၅) ကြိမ်မြောက် သုဓမ္မာနိကာယ သုဓမ္မာဂိဏ်းလုံးဆိုင်ရာ မဟာပဝါရဏာပွဲတော်ကျင်းပရေး အကြိုညှိနှိုင်းဆွေးနွေး

ပဲခူး အောက်တိုဘာ ၂၁

(၁၀၃၅) ကြိမ်မြောက် သုဓမ္မာနိကာယ သုဓမ္မာဂိဏ်းလုံးဆိုင်ရာ မဟာပဝါရဏာပွဲတော်ကျင်းပရေးကိစ္စရပ်များနှင့်ပတ်သတ်၍ ဩဝါဒဆရာတော်ကြီးများနှင့် သုဓမ္မာနိကာယ သုဓမ္မာဂိဏ်းဝင် ကျောင်းတိုက်ပေါင်း ၃၇၃ ကျောင်းမှ ကျောင်းထိုင်ဆရာတော်များ၏ အကြိုညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့မွန်းလွဲပိုင်းက ပဲခူးမြို့ ရွှေမော်ဓောဘုရား ခြေတော်ရင်းရှိ မဟာသီဝလိသိမ်တော်ကြီး၌ ကျင်းပသည်။

ဦးစွာ သြဝါဒါစရိယ ကျုံးထောင့် ဝိပဿနာဆရာတိုက်ဆရာတော် ဘဒ္ဒန္တပညာဓောတ က အမှာစကား ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးသံဃနာယက အဖွဲ့ဥက္ကဋ္ဌ သာမဏေကျော်စာသင်တိုက် တိုက်အုပ် ဆရာတော် ဘဒ္ဒန္တကုန္ဒာစာရာလင်္ကာရာတို့ဝံသက ပဝါရဏာပွဲတော် ကျင်းပရေးနှင့်ပတ်သက်၍ ဆွေးနွေးအမှာစကား ပြောကြားပြီး တက်ရောက်လာကြသည့် ကျောင်းထိုင်ဆရာတော်များက ပဝါရဏာပွဲတော် ကျင်းပရေးနှင့်ပတ်သက်၍ အကြံပြုညှိနှိုင်း ဆွေးနွေးလျှောက်ထားခဲ့ကြသည်။



ထို့နောက် ကျုံးထောင့် ဝိပဿနာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာဓောတက နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

သာပေါင်းမြို့နယ်၌ သီးသန့်မီးသတ်တပ်ဖွဲ့ လေ့ကျင့်ရေးသင်တန်းဖွင့်ပွဲ ကျင်းပ

သာပေါင်း အောက်တိုဘာ ၂၁

ဇရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ ကြီးမှူးဖွင့် လှစ်သည့်သီးသန့်မီးသတ်တပ်ဖွဲ့ လေ့ကျင့်ရေးသင်တန်း(၁/၂၀၂၆)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်အေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းသိန်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်မီးသတ်တပ်ဖွဲ့ ဦးစီးအရာရှိ ဦးပြည့်ဖြိုးလှိုင်က မီးငြိမ်းသတ်နည်း ပညာရပ်များအား အောက်တိုဘာ ၂၁ ရက်မှ ၂၃ရက်အထိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ပိုင်ဈေး၊ စက်သုံးဆီအရောင်းဆိုင်များ၊ စက်ရုံ၊ အလုပ်ရုံများရှိ ဝန်ထမ်း ၃၅ ဦးတို့အား စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

မြို့နယ်(ပြန်/ဆက်)

ကြံခင်းမြို့နယ်၌ အယ်လ်နီညို ဖြစ်စဉ်နှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ရေး သင်တန်းဖွင့်



ကြံခင်း အောက်တိုဘာ ၂၁

ဇရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ ယမန်နေ့နံနက်ပိုင်းက အယ်လ်နီညို ဖြစ်စဉ်နှင့်ပတ်သက်၍ မွေးမြူရေးကဏ္ဍကြိုတင်ပြင်ဆင်ရေး အသိပညာပေးသင်တန်း ဖွင့်လှစ်သည်။

သင်တန်းတွင် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက အမှာစကားပြောကြားပြီး အယ်လ်နီညိုနှင့် စူပါအယ်လ်နီညိုကြောင့် အပူချိန်လွန်ကဲခြင်း၊ မိုးခေါင်ရေရှားခြင်းနှင့် အစာရေစာရှားပါးမှုများ ဖြစ်ပေါ်နိုင်သဖြင့် မွေးမြူရေးကဏ္ဍအနေဖြင့် တိရစ္ဆာန်များအား အပူဒဏ်ကာကွယ်ခြင်း၊ အစာရေစာစီမံခန့်ခွဲခြင်း၊ ရေရရှိမှုကို စီမံခန့်ခွဲခြင်းနှင့် အရေးပေါ်တုံ့ပြန်မှုကို အသင့်ပြင်ထားနိုင်ရေး တို့ကို ပို့ချခဲ့ကြောင်း သိရသည်။ ဖြိုးဝေလင်း(ပြန်/ဆက်)

AI VIDEO CLIP ပြိုင်ပွဲဖိတ်ခေါ်ခြင်း

ယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေး ဘက်စုံအထောက်အကူပြုရေးအဖွဲ့ (MORS) မှ စီစဉ်ကျင်းပမည့် ပဉ္စမအကြိမ် ယာဉ်အန္တရာယ် လမ်းအန္တရာယ် ကင်းရှင်းရေး အသိပညာပေး ပြပွဲ၊ ပြိုင်ပွဲ၊ ဆုချီးမြှင့်ပွဲနှင့် မော်တော်ယာဉ်ပြပွဲကို ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ၊ ဒီဇင်ဘာလခန့်တွင် ရန်ကုန်မြို့တွင် ကျင်းပရန် စီစဉ်ထားရှိပါသည်။ အခမ်းအနားဖွင့်ပွဲကျင်းပမည့်နေ့ ဆုချီးမြှင့်ပွဲတွင် AI VIDEO CLIP 3 min နှင့် 5 min အကြားရှိ ယာဉ်အန္တရာယ် လမ်းအန္တရာယ် လျော့နည်းကျဆင်းရေးအတွက် အသိပညာပေးဇာတ်လမ်းတို့အား အောက်ပါခေါင်းစဉ်များနှင့် စည်းကမ်းချက်များ သတ်မှတ်ထားရှိပါသည်။

